# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး

# အဌမနေ့မှတ်တမ်း

## ၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်

## (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်)

## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဌမနေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ၄၂၁ ဦး ရှိတဲ့အနက် ၃၅၉ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက် ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၅.၂၇ ရာခိုင်နှုန်း ရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့အစီအစဉ်များအတိုင်း ဆက်လက် ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၄-၉-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဌမမြောက်နေ့အစည်းအဝေးသို့ ခွင့်ပန် ကြားသူများစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးက တင်ပြပါ့မယ်။ ယနေ့ ခွင့်ပန်ကြားသူများမှာ-

(၁) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၂ ရက်၊

(၂) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၁ ရက်၊

(၃) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင် ခွင့် ၃ ရက်၊

(၄) သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၁ ရက်၊

(၅) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ ခွင့် ၁ ရက်၊

(၆) ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ ဦးအေးနိုင် ခွင့် ၃ ရက်၊

**မူကြမ်း**

(၇) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၁ ရက်၊

(၈) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၁ ရက်၊

(၉) ပုတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ ခွင့် ၁ ရက်၊

(၁၀) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်၊

(၁၁) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

(၁၂) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း ခွင့် ၁ ရက်၊

(၁၃) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင် ခွင့် ၁ ရက်၊

(၁၄) ကျောက်တော်မဲဆန္ဒနယ်မှ ဦးသာစိန် ခွင့် ၃ ရက်၊

(၁၅) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊

(၁၆) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ ခွင့် ၁ ရက်၊

(၁၇) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၁ ရက်၊

(၁၈) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၁ ရက်နှင့်

(၁၉) သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျာ။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၃ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၆၂ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**စစ်ရေးအထောက်အကူပြုဝန်ထမ်းအဖြစ် တပ်မတော်သားများနှင့်အတူ လိုက်ပါဆောင်ရွက်စဉ် အသက်၊ ခန္ဓာ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခံခဲ့ရသော ပြည်သူများနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အထူးဖိတ်ကြားထားသော ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စိတ်နှစ်ပါးကြည်သာချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်း ရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ဆိုတာမကောင်းပါဘူး။ အထူးသဖြင့် ကျွန်တော်တို့ တိုင်းရင်းသားအချင်းချင်း ဖြစ်ကြတဲ့စစ်ပွဲဆိုရင် ပိုလို့မကောင်းပါဘူး။ အားလုံးအရှုံးကြီးပါပဲ။ စစ်မြေပြင်ဖြစ်ခဲ့တဲ့ဒေသတွေက ပြည်သူတွေဟာ စစ်ရဲ့အနိဋ္ဌာရုံအမျိုးမျိုးကို ရင်ဆိုင်ကြုံတွေ့ခဲ့ကြရပြီးတော့ မြေဇာပင်ဘဝကိုရောက် ခဲ့ကြရပါတယ်။ စစ်ဖြစ်တဲ့ဒေသတွေမှာ တပ်မတော်ကို စစ်ရေးအထောက်အကူပြုဝန်ထမ်း Porter အဖြစ်လိုက်ပါကူညီဆောင်ရွက်ကြရင်နဲ့ အတိဒုက္ခရောက်ခဲ့ကြသူ များစွာရှိခဲ့ပါတယ်။ စစ်ဖြစ်တဲ့ ဒေသက ပြည်သူတွေဟာ နိုင်ငံတော်အတွက် ဒီလိုကူညီခဲ့တယ်ဆိုတာကို နိုင်ငံတော်နဲ့ နိုင်ငံသားတွေ သိရှိပြီးသကာလ ပြန်လည်ကြည့်ရှုစောင့်ရှောက်ပေးနိုင်မယ်ဆိုရင် ကြည့်ရှုစောင့်ရှောက်ပေးနိုင်ဖို့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး မရှေးမနှောင်းကစပြီးတော့ အစိုးရအဆက်ဆက်ကို လက်နက်ကိုင်တော်လှန် ပုန်ကန်မှုတွေဟာ တိုင်းရင်းသားဒေသတွေဖြစ်ကြတဲ့ ကချင်၊ ကယား၊ ကရင်၊ ရှမ်းပြည်နယ်ဒေသများ

နှင့် ဒီပြည်နယ်အနေနဲ့ ဆက်စပ်လျက်ရှိတဲ့ တချို့သောတိုင်းဒေသကြီးတို့မှာ ဖြစ်ပွားခဲ့ပါတယ်။ အဲ့ဒီကာလတုန်းက စစ်ပွဲဖြစ်ပွားရာဒေသတွေက ဒေသခံပြည်သူတွေဟာ မြန်မာ့တပ်မတော်ရဲ့စစ်ရေးအထောက်အကူပြုလုပ်ငန်း Porter တွေမှာ လူကိုယ်တိုင်သော်လည်းကောင်း၊ ငွေကြေးအားဖြင့်သော်လည်းကောင်း၊ နွားလှည်းယာဉ်တို့နှင့်လည်းကောင်း ပါဝင်ကူညီထမ်းဆောင်ခဲ့ကြပါတယ်။ ဒီလိုပါဝင်ထမ်းဆောင်ကြရင်းနဲ့ ကျည်သင့်၊ မိုင်းထိ၍ အသက်ဆုံးရှုံးကြရသူတွေ၊ ခြေလက်အင်္ဂါဆုံးရှုံးပြီးတော့ ဒုက္ခိတဘဝရောက်ခဲ့ကြသူတွေ၊ လှည်း၊ နွားယာဉ်အစရှိသဖြင့် ဆုံးရှုံးလိုက်ရသူတွေ ရှိခဲ့ကြပါတယ်။ ဒုက္ခိတဘဝနဲ့ လက်ရှိဘဝမှာ ဘဝကိုခက်ခဲစွာ ရုန်းကန်နေကြရသူတွေရှိသလို အိမ်ထောင်ဦးစီးကွယ်လွန်သွားလို့ ကျန်ရစ်သူမိသားစုမှာ အတောင်ကျိုးငှက်၊ တက်ကျိုးလှေသဖွယ် ဒုက္ခမျိုးစုံရင်ဆိုင်ကြုံတွေ့ခဲ့ကြရသူတွေ များစွာရှိခဲ့ပါတယ်။ အဲ့ဒီထဲက ကျွန်တော်တို့ ဖာပွန်ဒေသမှာ ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်အချို့ကို သာဓကအနေနဲ့ တင်ပြလိုပါတယ်။

သူ့အမည်က ကျော်သုသုလို့ခေါ်ပါတယ်။ ကျွန်တော်တို့ ဖာပွန်အနောက်ဘက်ကမ်းမှာ နေထိုင်လျက်ရှိပါတယ်။ ကော့ကရိတ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသူရိန်ဇော် ကော့ကရိတ်၊ နပူးတပ်နယ်က ခမရ(၅၄၇)မှာ ဒုတိယတပ်ရင်းမှူးဘဝနဲ့ တာဝန်ထမ်းဆောင်တုန်းက ဖာပွန်ရှေ့တန်းကိုခရီးရောက်သွား ထွက်သွားရင်းနဲ့ တစ်ဖက်ကမ်းရွာက ကျော်သုသုကို Porter အဖြစ် ကူညီခေါ်ဆောင်သွားခဲ့ပါတယ်။ သွားရင်းနဲ့ တောင်ပေါ်က ကရင်ရွာတစ်ရွာမှာ မိုင်းထိတော့ ခြေပြတ်ခဲ့ပါတယ်။ ဒါကို ဦးသူရိန်ဇော်က အမှတ်တရရှိနေပြီးတော့ ကျွန်တော့်ကို စုံစမ်းခိုင်းပါတယ်။ စုံစမ်းခိုင်းတော့ အဲ့ဒီကျော်သုသုကို ကျွန်တော်တို့ တွေ့ပါတယ်။ ညီလေး။ ညီလေးခြေက အဲ့ဒီလိုဖြစ်သွားရတာ ဘယ်တုန်းကလဲ။ သူကျွန်တော့်ကို ပြောပါတယ်။ ဆရာ ကျွန်တော့်ဘဝပျက်ခဲ့တဲ့နေ့ပါဆရာ။ ကျွန်တော့်ဘယ်မေ့ပါ့မလဲ။ ၁၉၉၇ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ဖြစ်ပါတယ်။ ဦးသူရိန်ဇော် ကျွန်တော့်ကိုပေးတဲ့နေ့နဲ့ တစ်ထပ်တည်းဖြစ်နေပါတယ်။ ဒါ့ကြောင့် သူတို့မိသားစုဓာတ်ပုံကို ရိုက်ပြီးတော့ ဦးသူရိန်ဇော်ကို ကျွန်တော်လာပို့ပေးပါတယ်။ ဦးသူရိန်ဇော်က အဲ့ဒါ သူငွေကြေးအားဖြင့် ကူညီထောက်ပံ့မှုတွေ မကြာမကြာပေးနေပါတယ်။ ကျွန်တော်ကနေတစ်ဆင့်။ ၂၀၁၃ ခုနှစ်က ဦးသူရိန်ဇော် ဖာပွန်ရောက်သွားတုန်းကလည်းသူနဲ့တွေ့ပါတယ်။ သူ့ကို ချိုင်းထောက်တစ်စုံနဲ့ ငွေကြေးကူညီမှုတွေ ပြုနေပါတယ်။ မကြာမကြာလည်းကူညီထောက်ပံ့မှုတွေ ပြုနေပါတယ်။

ဒါကတော့ ကျွန်တော်တို့ ဖာပွန်မြို့ အမှတ်(၂)ရပ်ကွက်မှာနေထိုင်တဲ့ ဦးအုန်းမြင့်တို့ လင်မယားဖြစ်ပါတယ်။ သူတို့အဖြစ်အပျက်လေးကတော့ ၁၉၉၀ ဝန်းကျင်လောက်က အမေဖြစ်တဲ့သူကမီးဖွား

ပြီးစအချိန် အဖေဖြစ်တဲ့သူက ကျန်းမာရေးမကောင်း အဲ့ဒီအချိန်မှာ အိမ်အလှည့် Porter တာဝန်ကျလာပါတယ်။ အငှားထည့်ဖို့ကလည်း ငွေကြေးက မတတ်နိုင်။ ဒါနဲ့ကျောင်းစာမေးပွဲဖြေပြီးခါစ ရှစ်တန်း ကျောင်းသူသမီးလေးကို ထည့်လိုက်ရတယ်။ အလှည့်အတွက်။ သူ့ရဲ့သူငယ်ချင်း ရှစ်တန်းကျောင်းသူတစ်ယောက်လည်းပါပါတယ်။ သမီးသူငယ်ချင်းလည်း ပါတယ်ဆိုတော့ သွားကြတယ်။ သွားရင်းနဲ့ တစ်ရက်နှစ်ရက်မှာပဲ တောင်ပေါ်စစ်မြေပြင်တစ်နေရာမှာ မိုင်းထိပြီးတော့ ကွယ်လွန်ခဲ့ရပါတယ်။ အဲ့ဒီ ရှစ်တန်းကျောင်းသူသူငယ်ချင်းနှစ်ယောက်စလုံး ကွယ်လွန်သွားပါတယ်။ အဲ့ဒီအချိန်မှာ မိဘနှစ်ပါးကတော့ ရင်ထုမနာဖြစ်ခဲ့ရပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ အောင်စာရင်းထွက်တဲ့အချိန်မှာ ရှစ်တန်းဖြေထားတဲ့ ကျောင်းသူလေး နော်အေးဟန် ဂုဏ်ထူးနှစ်ဘာသာနဲ့ အောင်မြင်ခဲ့တယ်ဆိုတဲ့ အကြောင်း သိရှိခဲ့ရပါတယ်။

ဒါကတော့ ကျွန်တော်တို့ ဖာပွန်၊ အမှတ်(၂)ရပ်ကွက်ကပါပဲ။ မွတ်ဆလင်အမျိုးသမီးလေးပါ။ သူကတော့ ငယ်ငယ်ရွယ်ရွယ်လေးရှိပါသေးတယ်။ အဲ့ဒီတုန်းကဆိုလို့ရှိရင် ဒီလိုပဲ Porter လိုက်သွားရင်းနဲ့ စစ်ရေးအထောက်အကူပြုလိုက်သွားရင်းနဲ့ ခြေထောက်တစ်ဖက်စွန့်လွှတ်လိုက်ရပါတယ်။ အခုအချိန်မှာ မိခင်အိုနဲ့အတူ နေထိုင်လျက်ရှိနေပါတယ်။ ဒီလိုပါပဲ။ ဒီလိုကိုယ်ခန္ဓာတွေ၊ အသက်တွေဆုံးရှုံးရတာအပြင် ရွာတစ်ရွာ ဖာပွန်မြို့နယ်၊ တံခွန်တိုင်ရွာက ကိုကျော်ထွန်း ဆိုတဲ့လူဟာ သူတို့မိသားစုငါးဦး ရှိပါတယ်။ အရွယ်မရောက်သေးတဲ့ သားသမီးသုံးဦး။ ပိုင်ဆိုင်တာဆိုလို့ရှိရင် ယာတစ်ခင်းနဲ့ လှည်း၊ နွားတစ်ရှဉ်းပဲ ရှိပါတယ်။ လှည်းနဲ့ နွားနဲ့အကူအညီပေးတဲ့အခါကျတော့ ကိုယ့်လှည်းကိုကိုယ်မောင်းပြီးတော့ တောင်ပေါ်ကိုလိုက်သွားတဲ့အခါမှာ တစ်ရက်၊ နှစ်ရက်ပဲကြာပါတယ်။ ရှေ့တန်းစစ်မြေပြင်နေရာမှာပဲ မိုင်းထိပြီးတော့ လှည်းနွားလည်း ရှုံးသွားပါတယ်။ လူလည်းပြန်မလာပါဘူး။ အဲ့ဒါကြောင့် သူတို့မိသားစုတစ်ခုလုံး ဘဝပျက်ခဲ့တဲ့ အခြေအနေမျိုးတွေ ရောက်ခဲ့ရပါတယ်။ ဒီလိုအဖြစ်အပျက်တွေ များစွာများစွာရှိနေပါတယ်။ သာမန်ပြည်သူတွေဖြစ်ကြပေမယ့်လည်း နိုင်ငံတော်အတွက်အသက်၊ ခန္ဓာ၊ ပစ္စည်းဥစ္စာတွေ စွန့်လှူသွားခဲ့ကြသူတွေဖြစ်တယ်။ သူတို့မှာ ဘာအသိအမှတ်ပြုလက်မှတ်၊ ဘာဂုဏ်ထူးဆောင်စရိတ်မှ ရရှိခဲ့ကြတာမဟုတ်ပါဘူး။ ဒါ့ကြောင့် အဲ့ဒီလို အသက်၊ ကိုယ်ခန္ဓာစွန့်လှူသွားကြတဲ့သူတွေနဲ့ သူတို့ရဲ့ ကျန်ရစ်သူမိသားစုတွေကို နိုင်ငံတော်က အသိအမှတ်ပြုပြီးတော့ ပြန်လည်ကြည့်ရှုစောင့်ရှောက်ပေးနိုင်မယ်ဆိုရင် နိုင်ငံတော်ရဲ့ ကြီးမားသော လူမှုရေးဆောင်ရွက်ချက်တစ်ရပ်ဖြစ်မယ်လို့ ယုံကြည်ယူဆမိပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (၁) စစ်ရေးအထောက်အကူပြုဝန်ထမ်းအဖြစ် တပ်မတော်သားများနှင့်အတူ လိုက်ပါဆောင်ရွက်ရင်း အသက်၊ ခန္ဓာ၊ ပစ္စည်းဥစ္စာ ပျက်စီးဆုံးရှုံးခံခဲ့ကြရသော ပြည်သူများစာရင်း ဒေသမြို့နယ်အလိုက်ပြုစုထားရှိခြင်းရှိပါသလား။ (၂) ထိုသူများအား သက်ဆိုင်ရာမှ အသိအမှတ်ပြုမှုများ၊ ကူညီထောက်ပံ့မှုများ မည်သို့ဆောင်ရွက်ပေးခဲ့ပါသနည်း။ (၃)ဆောင်ရွက်ပေးခဲ့ခြင်းမရှိပါလျှင် အသက်ရှင်ကျန်ရစ်ပြီး ဒုက္ခိတဘဝရောက်နေသူများအားလည်းကောင်း၊ ကျန်ရစ်သူမိသားစုဝင်များအားလည်းကောင်း နိုင်ငံတော်မှ ပြန်လည်ကြည့်ရှုစောင့်ရှောက်သောအားဖြင့် ကူညီထောက်ပံ့မှုများ ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များခင်ဗျား။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့် ဖြစ်ပါတယ်။ ကာကွယ်ရေးဝန်ကြီးရဲ့ကိုယ်စား ကျွန်တော်ဖြေကြားသွားမှာပဲဖြစ်ပါတယ်။ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်ရဲ့ တင်ပြသွားတဲ့ စစ်ရဲ့အနိဋ္ဌာရုံပုံလေးတွေ ကျွန်တော်တို့ တွေ့ပါတယ်။ ထိခိုက်နစ်နာပုံလေးတွေလည်းတွေ့တဲ့အတွက် ကျွန်တော်တို့အနေနဲ့တော့ စိတ်မကောင်းဖြစ်မိပါတယ်။ ကျွန်တော့်အနေနဲ့ ဒီမေးခွန်းနှစ်ရပ်နဲ့ပတ်သက်လို့ ပြန်လည်ဖြေကြားသွားရမယ်ဆိုရင် တပ်မတော်မှာ တပ်ရင်းတပ်ဖွဲ့များအနေနဲ့ ၁၉၈၈-၁၉၈၉ ဘဏ္ဍာရေးနှစ်ကနေပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အထိသာ စစ်ဆင်ရေးလိုအပ်ချက်အရ အရပ်သားအလုပ်သမားများကို နေ့စားအလုပ်သမားများအဖြစ် အသုံးပြုခဲ့ပြီးတော့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ကစပြီးတော့ ယနေ့အချိန်အထိ စစ်ဆင်ရေးအလုပ်သမားများအား ငှားရမ်းအသုံးပြုခြင်းမရှိပါကြောင်း ပထမဦးစွာဖြေကြားလိုပါတယ်။ ဘဏ္ဍာရေးနှစ်အလိုက် နှစ်စဉ်ဖြစ်ပေါ်ခဲ့တဲ့ သေဆုံး၊ ဒဏ်ရာရ၊ စစ်ဆင်ရေးအလုပ်သမားများ စာရင်းကိုလည်း ကျွန်တော်တို့ ဒေသအလိုက်၊ မြို့နယ်အလိုက်ပြုစုထားရှိပြီး ဖြစ်ပါတယ်။

နောက်စစ်ဆင်ရေးလိုအပ်ချက်အရ အသုံးပြုခဲ့တဲ့အလုပ်သမားများဟာ တာဝန်ဝတ္တရားထမ်းဆောင်ခြင်းကြောင့် ထိခိုက်ဒဏ်ရာရရှိသည်ဖြစ်စေ၊ လုပ်ငန်းတာဝန်နှင့် တိုက်ရိုက်ပတ်သက်သည့်

ရောဂါကြောင့်ဖြစ်စေ၊ မသန်မစွမ်းဖြစ်ခဲ့ရင် သို့မဟုတ် သေဆုံးခဲ့ရင် တည်ဆဲအလုပ်သမားလျော်ကြေး ဥပဒေ The Workmen's Compensation Act, 1923 အရ လျော်ကြေးငွေများ ရပိုင်ခွင့်ရှိပါတယ်။ ၎င်းဥပဒေကို အခြေခံရေးဆွဲထုတ်ပြန်ထားတဲ့ ကာကွယ်ရေးဌာနကောင်စီ အမိန့်ညွှန်ကြားချက်များအရ ပေးလျော်ရပြီးတော့ ဒဏ်ရာရအလုပ်သမားများအတွက်လည်း တပ်မတော်ဆေးရုံများတွင်တက်ရောက် ဆေးကုသခံယူခွင့်ရရှိပါတယ်။ အလုပ်သမားလျော်ကြေးရဲ့ အဓိကရည်ရွယ်ချက်မှာတော့ အလုပ်ခွင်မှာ အလုပ်ကြောင့် အလုပ်သမားတစ်ဦး မတော်တဆထိခိုက်ပြီး သေဆုံးသွားသည့်အခါတွင်လည်းကောင်း၊ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းများ ဆုံးရှုံးသွားသည့်အခါတွင်လည်းကောင်း၊ သေဆုံးသော အလုပ်သမားများ၏ မှီခိုသူများနှင့် ထိခိုက်ဒဏ်ရာရရှိသည့် အလုပ်သမားများ၏ စားဝတ်နေရေး၊ သက်သာချောင်ချိစေရေးအတွက် ထောက်ပံ့ပေးခြင်းသာဖြစ်ပြီးတော့ အသက်၏တန်ဖိုး၊ ကိုယ်ခန္ဓာချို့ယွင်းမှုအတွက်ပေးရသည့်လျော်ကြေးငွေမဟုတ်ပါကြောင်း ဖော်ပြထားရှိပါတယ်။

ယခင်အသုံးပြုခဲ့တဲ့ စစ်ဆင်ရေးအလုပ်သမားများကို စစ်ဆင်ရေးတွင် သေဆုံးခဲ့လျှင် ၇၂၀၀ ကျပ်နှုန်း၊ ဒဏ်ရာရခဲ့လျှင် ဆေးရာခိုင်နှုန်း၏ ၁၀၀ ရာခိုင်နှုန်းရရှိပါက ၁၀၀၈၀ ကျပ်နှုန်းနှင့် ကူဖော်စရိတ်အဖြစ် ဆေးရာခိုင်နှုန်း ၁၀၀ ၏ ၂၅ ရာခိုင်နှုန်းအား အပိုဆောင်းထောက်ပံ့ပေးခဲ့ပုံများသာ ရှိပါတယ်။ ကာကွယ်ရေးဌာနကောင်စီ အထူးအမိန့်အမှတ်၊ ၂/အထူး/၂၀၁၂ ဖြင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်မှစ၍ သေဆုံးခဲ့လျှင် လေးသိန်းခွဲကျပ်နှုန်း၊ ဒဏ်ရာရခဲ့လျှင် ဆေးရာခိုင်နှုန်း ၁၀၀ ရရှိပါက ကျပ်ခြောက်သိန်းနှုန်းဖြင့် ကူဖော်စရိတ်အဖြစ် ဆေးရာခိုင်နှုန်း၏ ၂၅ ရာခိုင်နှုန်းအား အပိုဆောင်းထောက်ပံ့ရန် သတ်မှတ်ပြဋ္ဌာန်းခဲ့ပါတယ်။ အသက်ရှင်ပြီး ဒုက္ခိတဘဝရောက်နေသူများအား နိုင်ငံတော်မှပြန်လည်ကြည့်ရှုစောင့်ရှောက်သောအားဖြင့် ၎င်းတို့၏ဆန္ဒအရ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ သင့်လျော်သောလုပ်ငန်း ပညာရပ်ဆိုင်ရာသင်တန်းကျောင်းများတွင် အသက်မွေးဝမ်းကျောင်းပညာရပ်များကို အထူးကိစ္စတစ်ရပ်အနေဖြင့် သင်ကြားလေ့ကျင့်ပေးခြင်း၊ အလုပ်အကိုင်ဖန်တီးပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ပါတယ်။ နိဂုံးချုပ်တင်ပြရမယ်ဆိုရင် ကျွန်တော်တို့ သက်သာချောင်ချိရေးအတွက် ကာကွယ်ရေးဌာနကောင်စီ အထူးအမိန့်အမှတ်၊ ၂/အထူး/၂၀၁၂ အရ ကျပ် လေးသိန်းခွဲနှုန်းအားထောက်ပံ့ကြေးအဖြစ်ပေးခြင်းမှအပ ကျန်အကူအညီအထောက်အပံ့များ ပေးခြင်းမရှိပါကြောင်း ဖြေကြားရင်းနဲ့ ကျွန်တော့်၏ ဖြေကြားချက်အား နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**မူကြမ်း**

**လွှတ်တော်ကိုယ်စားလှယ်များနှင့် နိုင်ငံသူနိုင်ငံသားများ ခရီးသွားရာတွင် အဆင်ပြေစေရန် လေကြောင်း ပို့ဆောင်ရေးကဏ္ဍအား မည်သို့တိုးမြှင့်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးခမိုင်မုံကွမ်၊ ဆွမ်ပရာဘွမ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခမိုင်မုံကွမ်(ဆွမ်ပရာဘွမ်မဲဆန္ဒနယ်)**။ ။ မင်္ဂလာပါ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကြွရောက်လာသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ရှေးဦးစွာ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုံကွမ် (ခေါ်) ဦးဒူဝါခမိုင်တန် ဖြစ်ပါတယ်ခင်ဗျား။ ကျွန်တော်မေးမြန်းတောင်းခံလိုသောကဏ္ဍများမှာ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းများ၊ တိုင်းရင်းသားပြည်သူများ ခရီးသွားရာတွင် အလွယ်တကူသွားလာနိုင်ရေးအတွက် လေကြောင်းခရီးစဉ်တိုးမြှင့် ပို့ဆောင်ပေးရန် တင်ပြတောင်းခံသွားမှာ ဖြစ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ လေကြောင်းပို့ဆောင်ရေးကဏ္ဍများမှာ ပို့ဆောင်ရေးကုမ္ပဏီများ များပြားသော်လည်း နေပြည်တော်လေဆိပ်တွင် လေယာဉ်ဆင်းသက်မှုများမှာ နည်းပါးလျက်ရှိသည်နှင့်အညီ နေပြည်တော်သို့ သွားလာရာတွင် ခက်ခဲမှုများနဲ့ကြုံတွေ့လျက်ရှိပါတယ်ခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ ခရီးသွားလာရာတွင် နေပြည်တော်တွင် လေယာဉ်ဆင်းသက်မှုနည်းပါးသဖြင့် မန္တလေးသို့သွားရောက်၍ လေယာဉ်စီးရာတွင် ခက်ခဲမှုများကြုံတွေ့လျက်ရှိပါတယ်ခင်ဗျား။ ယခုလိုခက်ခဲမှုများကို ပြေလည်စေရေးအတွက် နိုင်ငံတော်အစိုးရအနေနဲ့ အထူးအစီအစဉ်ချမှတ်၍ ရန်ကုန်-နေပြည်တော်-မန္တလေး-မုံရွာ-ဟုမ္မလင်း-ခန္တီး-မြစ်ကြီးနား-ဗန်းမော်-လားရှိုး-မန္တလေး-နေပြည်တော်-ရန်ကုန် ခရီးစဉ်အဖြစ် နေ့စဉ်အဆင်းအတက်လမ်းကြောင်းကို တစ်ရက်စီပြောင်းလဲသတ်မှတ်၍ နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားပြည်သူများအတွက် အလွယ်တကူခရီးသွားလာနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးပါရန် တင်ပြတောင်းခံပါတယ်ခင်ဗျား။ ယခုလိုတင်ပြတောင်းခံမှုအပေါ်တွင် နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ယူတာဝန်ခံ၍ သီးသန့်ပြေးဆွဲ၍ဖြစ်စေ သို့မဟုတ် လေကြောင်းပို့ဆောင်ရေးကုမ္ပဏီများအနေဖြင့် အလှည့်ကျတာဝန်ယူတာဝန်ခံပို့ဆောင်သောစနစ်ဖြစ်စေ စီစဉ်ဆောင်ရွက်ပေးပါရန် လေးစားစွာနဲ့ တင်ပြလိုပါတယ်ခင်ဗျား။

**မူကြမ်း**

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါ့အပြင် တင်ပြတောင်းခံလိုသောကဏ္ဍများမှာ လေကြောင်းပို့ဆောင်ရေးလုပ်ငန်းအနေဖြင့် အရေးပေါ် VIP ထိုင်ခုံတစ်ခု၊ နှစ်ခုချန်လှပ်ထား၍ အရေးပေါ် VIP မရှိမှသာလျှင်၊ ထွက်ခွာရန် တစ်နာရီ၊ နှစ်နာရီအတွင်းမှသာလျှင် အများပြည်သူကိုရောင်းချပေးသော နည်းလမ်းများကိုလည်း ဆောင်ရွက်ရန်လိုအပ်သည်ဟု တင်ပြလိုပါတယ်ခင်ဗျား။ အကြံပြုတင်ပြရမယ်ဆိုရင် သမ္မတကြီးနှင့်နာယကကြီးမှ ညှိနှိုင်းဆောင်ရွက်မှုနဲ့ တစ်မြို့နယ်ကို ဖွံ့ဖြိုးရေးရန်ပုံငွေ သိန်း ၁၀၀၀ ချမှတ်ပေးသဖြင့် လွှတ်တော်တက်နေစဉ်ဖြစ်သော်လည်း ခွင့်ငါးရက်တောင်းခံရယူ၍ မိမိနဲ့ အတူတကွရွေးချယ်သတ်မှတ်ခံရသော ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကချင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီးနဲ့ မဲဆန္ဒရှင်ပြည်သူများကို သွားရောက်တွေ့ဆုံအားပေးရာတွင် အပြန်ခရီးစဉ်မှာ တစ်ရက်ခြား၍ သက်ဆိုင်ရာသို့ ဖုန်းဆက်သတင်းပို့ထားသော ကချင်ပြည်နယ် လူမှုရေးဝန်ကြီးများက လက်မှတ်ရရှိပြီး ကျွန်တော် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ကိုယ်စားလှယ်များအနေနဲ့ ရာသီဥတုကောင်းမွန်ပါက နဂိုအတိုင်းလှည့်ပြန်၍ ပြည်သူများကို တွေ့ဆုံအားပေးရင်း လှည့်ပြန်ရန် စီစဉ်၍ ပြည်နယ်အစိုးရအဖွဲ့နဲ့ တစ်ပါတည်းလေယာဉ်လက်မှတ် မှာထားခြင်းမရှိသေးသော်လည်း ရာသီဥတုဆိုးရွား၍ မိုးရွာပြင်းထန်သဖြင့် လူမှုရေးဝန်ကြီးနဲ့အတူ တစ်ပါတည်းပူတာအိုခရိုင်ရုံးစိုက်ရာ ပူတာအိုမြို့သို့သွားရောက်၍ သက်ဆိုင်ရာသို့ တင်ပြအကူအညီတောင်းခံခဲ့ရာ လေယာဉ်လက်မှတ်များမှာ ရောင်းချကုန်ဆုံးကြောင်း တင်ပြကြသဖြင့် တာဝန်နှင့်အတူသွားခဲ့သော ကချင်ပြည်နယ် လူမှုရေးဝန်ကြီးနဲ့ ခရီးစဉ်မှ ချန်ရစ်ခဲ့ခွာ၍ နောက်ရက်မှသာလျှင် လိုက်ပါရသည့်အပေါ်မှာ မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အံ့အားသင့်ကြောင်း မေးခွန်းထုတ်လျက်ရှိပါတယ်ခင်ဗျား။ ယခင်ဆိုရှယ်လစ်ခေတ်မှာဆိုရင် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသများမှ ပြည်နယ်ကောင်စီဥက္ကဋ္ဌ၊ ပါတီဥက္ကဋ္ဌ၊ ပြည်နယ်ကော်မတီဝင်များကို ရဟတ်ယာဉ်ဖြင့်ကြိုဆိုပို့ဆောင်လျက်ရှိကြောင်းကို တွေ့ရှိရကြောင်း တင်ပြကြပြီး ယခု ဒီမိုကရေစီခေတ်တွင် ပြည်သူမှရွေးချယ်လိုက်သော ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့ကိုယ်စားလှယ်များက လေယာဉ်လက်မှတ်တောင်မရနိုင်ဘူးလားဆိုတဲ့ မေးခွန်းစကားရပ်များနဲ့ မေးမြန်းခြင်းကို ကြုံတွေ့ခဲ့ရပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အင်းအိုင်ထဲမှ ဖားလောင်းများမှာ တချို့က ဖားအဖြစ်ခြေလက်စုံ၍ ကုန်းပေါ်သို့ထွက်ခွာနေထိုင်ပြီး ကျန်ရှိသော ဖားလောင်းများမှာ အင်းအိုင်ကို စောင့်ရှောက်ရန် တာဝန်ယူပြီး၊ ကုန်းပေါ်သို့ ထွက်နေထိုင်သော ဖားများက ချန်လှပ်ထားသော ဖားလောင်းများရေခမ်း၍ အသက်ဆုံးရှုံးမှုမရှိစေရေး၊ မိုးရွာသွန်းနိုင်ရေးအတွက် မိုးနတ်

မင်းထံသို့ တာဝန်ယူတာဝန်ခံစောင့်ရှောက် ဆုတောင်းပေး၍ မိုးရွာသွန်းမှုကြောင့် ကျန်ရှိသော ဖားလောင်းများမှာလည်း အသက်ရှင်သန်၍ အင်းအိုင်ကို ပျော်မြူးစွာစောင့်ရှောက်နိုင်သည်ဆိုတဲ့ စကားရပ်များနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များမှာလည်း အချို့မှာ လွှတ်တော်ကိုယ်စားလှယ် ထဲမှ ထွက်ခွာ၍ နိုင်ငံတော်ကို တာဝန်ယူတာဝန်ခံ၍ အုပ်ချုပ်စောင့်ရှောက်သောအစိုးရအဖွဲ့ ဖြစ်သည် နှင့်အညီ လွှတ်တော်နှင့် အစိုးရအဖွဲ့မှာ အပြန်အလှန်လေးစားအသိအမှတ်ပြုမှုနှင့်အတူ နိုင်ငံတော်နဲ့ ပြည်သူများကို ဝိုင်းဝန်းစောင့်ရှောက်ရန်တာဝန်ရှိသကဲ့သို့ ချန်လှပ်ထားသော လွှတ်တော် ကိုယ်စားလှယ်များကို ဝိုင်းဝန်းကူညီစောင့်ရှောက်ဖို့မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ တာဝန်ဖြစ်သည် ဟုတင်ပြရင်း နိုင်ငံသူနိုင်ငံသား၊ တိုင်းရင်းသားပြည်သူများ ခရီးသွားလာရာတွင် အဆင်ပြေစေရေး အတွက် ဘယ်နည်းဘယ်ပုံကူညီဆောင်ရွက်ပေးမည်ကို သိလိုပါသဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ အနေဖြင့် ကြယ်ပွင့်ပြမေးခွန်းအား ဖြေကြားပေးပါရန် လွှတ်တော်ဥက္ကဋ္ဌကြီးထံမှတစ်ဆင့် လေးစားစွာ ဖြင့်မေးမြန်းတောင်းခံရင်းနိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပို့ဆောင်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဟံစိန်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ် နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ ပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဟံစိန် ဖြစ်ပါတယ်။ ကျွန်တော် ကချင်ပြည်နယ်၊ ဆွမ်ပရာဘွမ်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမိုင်မုန်ကွမ်ရဲ့ မေးခွန်း နှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုဝန်ကြီးရဲ့ကိုယ်စား ကျွန်တော်မှ ပြန်လည်ဖြေကြားသွားမှာဖြစ်ပါ တယ်။ ကျွန်တော်ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနအနေနဲ့ လေယာဉ်ခရီးစဉ်များ ပြေးဆွဲလျက်ရှိတဲ့ အပြည်ပြည်ဆိုင်ရာလေဆိပ်သုံးခုနဲ့ ပြည်တွင်း လေဆိပ် ၃၀ အပါအဝင် လေဆိပ်လေယာဉ်ကွင်း ၃၃ ကွင်းမှာ လေယာဉ်များ ဘေးအန္တရာယ် ကင်းရှင်းစွာ ဆင်း/တက်အသုံးပြုနိုင်ရေးအတွက် လေယာဉ်ကွင်းများ ပြုပြင်မွမ်းမံ ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့ နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်အပါအဝင် လေယာဉ်ခရီးစဉ်များကို လေဆိပ် ၂၇ ခုတွင် ပြည်တွင်းလေကြောင်းလိုင်း ရှစ်လိုင်းမှ ပျံသန်းပြေးဆွဲ ပေးလျက်ရှိရာတွင် လက်ရှိအချိန်မှာ နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြည်တွင်း

လေကြောင်းလိုင်းနှစ်လိုင်းမှ ပုံမှန်ပြေးဆွဲပျံသန်းလျက်ရှိပါတယ်။ နေပြည်တော် မှာအခြေပြုပျံသန်းမယ့် လေကြောင်းလိုင်းနှစ်လိုင်း တိုးချဲ့ပျံသန်းနိုင်ရေးအတွက်ကိုလည်း ဆောင်ရွက်လျက်ရှိပြီးတော့ အခြား လေကြောင်းလိုင်းများ တိုးချဲ့ပျံသန်းပြေးဆွဲရန်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းထားတဲ့ ခရီးစဉ်နှင့်ပတ်သက်ပြီးတော့ ပို့ဆောင်ရေး ဝန်ကြီးဌာန၊ မြန်မာ့လေကြောင်းအနေနဲ့ ရန်ကုန်မြို့မှတစ်ဆင့် ရန်ကုန်-နေပြည်တော်-မန္တလေး-မုံရွာ-ဟုမ္မလင်း-မုံရွာ-မန္တလေး-နေပြည်တော်-ရန်ကုန် ခရီးစဉ်ကို အင်္ဂါနေ့မှာလည်းကောင်း၊ ရန်ကုန်-မန္တလေး-ဟုမ္မလင်း-မုံရွာ-ဟုမ္မလင်း-မန္တလေး-ရန်ကုန် ခရီးစဉ်ကို သောကြာနေ့မှာလည်းကောင်း၊ ရန်ကုန် - နေပြည်တော် - မန္တလေး - မြစ်ကြီးနား - ပူတာအို - မြစ်ကြီးနား - မန္တလေး - ရန်ကုန် ခရီးစဉ်ကို ကြာသပတေးနေ့နှင့် စနေနေ့မှာလည်းကောင်း၊ ရန်ကုန်-ဟဲဟိုး-လားရှိုး-တာချီလိတ်-ဟဲဟိုး-ရန်ကုန် ခရီးစဉ်ကို အင်္ဂါနေ့မှာလည်းကောင်း ပြေးဆွဲလျက်ရှိပါတယ်။

အဲ့ဒါအပြင် ကျွန်တော်တို့ မြန်မာ့လေကြောင်းကလေယာဉ်တွေဟာ မန္တလေးလေဆိပ်ကို အခြေပြုပြီးတော့ မန္တလေး-မြစ်ကြီးနား-ဗန်းမော်-မန္တလေး ခရီးစဉ်ကို တနင်္လာနေ့မှာလည်းကောင်း၊ မန္တလေး-ဗန်းမော်-မြစ်ကြီးနား-မန္တလေး ခရီးစဉ်ကို သောကြာနေ့မှာလည်းကောင်း၊ မန္တလေး-ဗန်းမော်-မြစ်ကြီးနား-ပူတာအို-မြစ်ကြီးနား-မန္တလေးခရီးစဉ်ကို အင်္ဂါနေ့မှာလည်းကောင်း၊ မန္တလေး-ခန္တီး-မန္တလေး ခရီးစဉ်ကို အင်္ဂါနေ့မှာလည်းကောင်း၊ မန္တလေး-ကလေး-ခန္တီး-မန္တလေးခရီးစဉ်ကို သောကြာနေ့မှာ လည်းကောင်း ပြေးဆွဲပေးလျက်ရှိပါတယ်။

ယခုအခါ ကျွန်တော်တို့ မြန်မာ့လေကြောင်းဟာ နိုင်ငံတော်ဘတ်ဂျက်ရဲ့ပြင်ပကနေပြီးတော့ ဆောင်ရွက်နေတဲ့စီးပွားရေးအဖွဲ့အစည်းတစ်ခုဖြစ်ပေမယ့် နိုင်ငံတော်လိုအပ်ချက်များနှင့်အညီ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံသူနိုင်ငံသားများ၊ တိုင်းရင်းသားပြည်သူများ ခရီးသွားလာတဲ့အခါမှာ အဆင်ပြေချောမွေ့စေရေးအတွက် အရှုံး/အမြတ်အဓိကမထားဘဲနဲ့ ကြိုးပမ်းဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကျွန်တော်တို့ ပူတာအိုမြို့သို့ ပုံမှန်ဆင်းသက်လျက်ရှိတဲ့ ပုဂ္ဂလိက လေကြောင်းလိုင်းတစ်ခုဖြစ်တဲ့ Asian Wings လေကြောင်းလိုင်းဟာ ကျွန်တော်တို့ ဒီနှစ် ဇူလိုင်လ ၁၉ ရက်နေ့ကစပြီးတော့ မိုးရာသီမှာ ခရီးသွားလာမှုနည်းပါးပြီး ခရီးသည်ရရှိမှုနည်းတဲ့အတွက် စီးပွားရေးတွက်ခြေမကိုက်တဲ့အတွက် လေယာဉ်ဆင်းသက်မှုခေတ္တရပ်ဆိုင်းထားခဲ့ပါတယ်။ မြန်မာ့လေကြောင်းအနေနဲ့တော့ နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများရဲ့ လေကြောင်းနဲ့ခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ဈေးနှုန်းကြီးမြင့်မှုမရှိဘဲနဲ့ ခရီးသွားလာနိုင်ရေးအတွက် ဒီနှစ်

ကျွန်တော်တို့ ဩဂုတ်လ ၂ ရက်နေ့ကစပြီးတော့ ပူတာအို-မြစ်ကြီးနားခရီးစဉ် လေယာဉ်လက်မှတ်တွေကို ယခင် ၄၂၀၀၀ ကျပ်ကနေပြီးတော့ ၃၀၀၀၀ ကျပ်ကို လျှော့ချပြေးဆွဲရောင်းချပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ထို့အပြင် လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ နေပြည်တော်သို့ လာရောက်သည့် ခရီးစဉ်နဲ့ အပြန်ခရီးစဉ်များ အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ့လေကြောင်းမှ လေယာဉ်ခရီးစဉ်များ စီစဉ်ပေးခြင်း၊ လေယာဉ်လက်မှတ်များ အလွယ်တကူဝယ်ယူရရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အထူးသဖြင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများရဲ့ အပြန်ခရီးစဉ်မှာ လေယာဉ်လက်မှတ်များကို တည်းခိုရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီဧည့်ရိပ်သာနဲ့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ် နှစ်နေရာတွေမှာ ဝယ်ယူရရှိနိုင်ဖို့လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။

ယခုအခါ လေယာဉ်လက်မှတ်များကို မြန်မာ့လေကြောင်းရုံးများတွင်လည်းကောင်း၊ အရောင်းကိုယ်စားလှယ်များမှတစ်ဆင့်သော်လည်းကောင်း ရောင်းချပေးတဲ့အတွက် အမြဲတမ်းသီးသန့်နေရာချန်ထားပြီးတော့ ရောင်းချနိုင်တဲ့အခြေအနေမရှိပါဘူး။ လွှတ်တော်ကိုယ်စားလှယ်များရဲ့ နေပြည်တော်အသွား/အပြန်ခရီးစဉ်မဟုတ်တဲ့ အခြားခရီးစဉ်များ သွားရောက်လိုသည့်အခါမှာလည်း ကျွန်တော်တို့နှစ်ရက်ကြိုပြီးတော့ အချိန်မီအကြောင်းကြားမှသာလျှင် နေရာချန်လှပ်ပေးနိုင်မယ် ဖြစ်ပါကြောင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အစိုးရဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းဦးရေ၊ ထုတ်ပေးရသည့်လစာနှင့် ပုဂ္ဂလိကကုမ္ပဏီများ၊ အလုပ်ရုံများတွင် လုပ်ကိုင်နေသော ဝန်ထမ်းဦးရေနှင့် လက်ရှိ အလုပ်လက်မဲ့ရာခိုင်နှုန်း မည်မျှရှိကြောင်း၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာသော အလုပ်သမားများကို ပြည်တွင်းတွင် အလုပ်အကိုင် ပြန်လည်ခန့်ထားရေးအတွက် မည်သို့စီမံလျက်ရှိသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်သန့်၊ ပုသိမ်ကြီးမဲဆန္ဒနယ်ကိုယ်စား ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန့်ရဲ့ကိုယ်စား မေးမြန်းတင်ပြသွားမှာဖြစ်ပါတယ်။ မေးမြန်းတင်ပြလိုတဲ့မေးခွန်းများက တော့ မေးခွန်း(၁)အစိုးရဌာနအသီးသီးတွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းဦးရေနှင့် ကျား/မ အချိုးအစားရာခိုင်နှုန်း မည်မျှရှိပါသနည်း။ မေးခွန်း(၂)ဝန်ထမ်းများကို ထုတ်ပေးရသည့် တစ်လ လစာ စုစုပေါင်းနှင့် တစ်နှစ်လစာ စုစုပေါင်းမည်မျှရှိပါသနည်း။ မေးခွန်း(၃) ပုဂ္ဂလိကကုမ္ပဏီများနှင့် အလုပ်ရုံများတွင် လုပ်ကိုင်နေသော ဝန်ထမ်းဦးရေမည်မျှရှိပါသနည်း။ မေးခွန်း(၄) နိုင်ငံတော်အတွင်း လက်ရှိအလုပ်လက်မဲ့ရာခိုင်နှုန်း မည်မျှရှိပါသနည်း။ မေးခွန်း (၅) ကတော့ ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံ စတဲ့နိုင်ငံများမှ ပြန်လည်ရောက်ရှိလာသော အလုပ်သမားများကို ပြည်တွင်းတွင် အလုပ်အကိုင် ပြန်လည်ခန့်ထားရေးအတွက် မည်သို့စီမံဆောင်ရွက်လျက်ရှိသည်ကို သိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျာ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[ဦးအောင်သန့်၊ ပုသိမ်ကြီးမဲဆန္ဒနယ်ကိုယ်စား ဦးသိန်းထွန်းဦး၊ အမရပူရမဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများရှင်။ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်သန့် မေးမြန်းတဲ့မေးခွန်းနှင့်စပ်လျဉ်းပြီး အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ကျွန်မ ဒေါ်လဲ့လဲ့သိန်းက ဖြေကြားမှာဖြစ်ပါတယ်။ မေးခွန်း(၁)နဲ့ပတ်သက်ပြီး ကျွန်မဖြေကြားမှာဖြစ်ပါတယ်။ အစိုးရဌာနအသီးသီးမှာတာဝန်ထမ်းဆောင် နေတဲ့ အမြဲတမ်းဝန်ထမ်းဦးရေဟာ ၂၀၁၄ ခုနှစ်၊ ဇွန်လကုန်စာရင်းအရ ၉၀၃၃၆၆ ဦးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ အချိုးအစားအားဖြင့် ကျား ၄၅.၁ ရာခိုင်နှုန်းနှင့် မ ၅၄.၉ ရာခိုင်နှုန်း ဖြစ်ပါတယ်။ မေးခွန်း(၂)ကို ဖြေကြားရမယ်ဆိုရင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှာ တစ်နှစ်အတွက် လစာ ကျပ် ၁၆၀၁.၉၅၄ ဘီလီယံလျာထားထားပါတယ်။ အပိုထောက်ပံ့ကြေးနှင့် ဒေသစရိတ်ပါဝင်မယ်ဆိုရင် စုစုပေါင်းလစာစရိတ်က ကျပ် ၁၉၉၄.၀၇၇ ဘီလီယံလျာထားပါတယ်ရှင့်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် မူလခန့်မှန်းခြေအရ တစ်လအတွက် လစာစရိတ်က ကျပ် ၁၆၆.၁၇၃ ဘီလီယံ လျာထားပါကြောင်း

ဖြေကြားအပ်ပါတယ်။ နိုင်ငံတော်မှာ အမြဲတမ်းဝန်ထမ်းများအပြင် လုပ်ခစားဝန်ထမ်းအင်အား ၁၂၀၀၀၀ ခန့်ရှိပါတယ်။ ဒီလုပ်ခစားဝန်ထမ်းတွေအတွက်လည်း ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် မူလ ခန့်မှန်းခြေမှာ တစ်နှစ်အတွက်လစာစရိတ် ကျပ် ၁၀၁.၇၄၁ ဘီလီယံ၊ အပိုထောက်ပံ့ကြေး ကျပ် ၄၃.၅၀၇ ဘီလီယံ၊ ဒေသစရိတ် ကျပ် ၇.၁၃၄ ဘီလီယံ စုစုပေါင်း ၁၅၂.၃၈၂ ဘီလီယံလျာထားတဲ့ အတွက်ကြောင့်မို့လို့ တစ်လအတွက် ကျပ် ၁၂.၆၉၈ ဘီလီယံ လျာထားပါကြောင်း ဖြေကြားအပ်ပါ တယ်။ မေးခွန်း(၃)နဲ့ပတ်သက်ပြီးတော့ ၂၀၁၂ ခုနှစ်မှာ ကောက်ယူခဲ့တဲ့စာရင်းအရ ပုဂ္ဂလိကကုမ္ပဏီ များ၊ အလုပ်ရုံများမှာ အလုပ်လုပ်နေကြသူတွေဟာ ၈၉၅၅၉၇ ဦးရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါ တယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ မေးခွန်း(၄)နဲ့ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။ နိုင်ငံတော်အတွင်းမှာ လက်ရှိအလုပ်လက်မဲ့ရာခိုင်နှုန်းနဲ့ပတ်သက်ပြီးတော့ အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေနဲ့ ၁၉၉၀ ပြည့်နှစ်မှာ လုပ်သားအင်အားစစ်တမ်း ကောက်ယူပြုစုခဲ့ပြီးတော့ အဲဒီစစ်တမ်းကရရှိတဲ့ လုပ်သားအင်အား(Labour Force)၊ နောက် အလုပ်လက်ရှိ (Employment)၊ အလုပ်လက်ရှိနှုန်း (Employment Rate)၊ အလုပ်လက်မဲ့နှုန်း (Unemployment Rate)၊ လုပ်သားအင်အားပါဝင်မှုနှုန်း (Labour Force Participation Rate)တို့ကိုရရှိပါတယ်။ ဒီအလုပ်လက်မဲ့ဦးရေကိုတွက်ချက်တဲ့ အခါမှာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနကနေ ပြီးတော့ နှစ်စဉ်ရရှိတဲ့ လူဦးရေတိုးနှုန်းအပေါ်မှာ အခြေပြုပြီးတော့ လုပ်အားအင်အားတိုးနှုန်းကို တွက်ချက်ရယူပါတယ်။ ပြီးတော့ ၁၉၉၀ ပြည့်နှစ် လုပ်သားအင်အားစစ်တမ်းက ကောက်ယူရရှိခဲ့တဲ့ အချက်အလက်တွေကို အခြေခံပြီးတော့ လုပ်သားအင်အား၊ အလုပ်လက်ရှိ၊ အလုပ်လက်မဲ့၊ အလုပ် လက်ရှိနှုန်း၊ အလုပ်လက်မဲ့နှုန်းနဲ့ လုပ်သားအင်အားပါဝင်မှုနှုန်းကို ခန့်မှန်းတွက်ချက်ပါတယ်။ ခန့်မှန်း တွက်ချက်မှု အရ ၂၀၁၃ ခုနှစ်မှာရှိတဲ့ အလုပ်လက်မဲ့နှုန်းဟာ ၄.၀၁ ရာခိုင်နှုန်းခန့်ရှိကြောင်းနှင့် ကိန်းဂဏန်းတွေက ခန့်မှန်းတွက်ချက်မှုအရ ရရှိသော ကိန်းဂဏန်းတွေဖြစ်တဲ့အတွက်ကြောင့်မို့လို့ မှန်ကန်တိကျတဲ့ ကိန်းဂဏန်းတွေရရှိဖို့အတွက် ၂၀၁၄-၂၀၁၅ ခုနှစ်မှာ လုပ်သားအင်အားစစ်တမ်း တစ်ရပ်ကို အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်ရဲ့အကူအညီကို ရယူပြီးကောက်ယူသွားမှာဖြစ် ပါကြောင်း ဖြေကြားအပ်ပါတယ်။

နောက် (၅)အချက်ကို ဖြေကြားရမယ်ဆိုရင် ထိုင်း၊ မလေးရှားစတဲ့နိုင်ငံများမှ ပြန်လည်ရောက်ရှိလာတဲ့ အလုပ်သမားတွေကို ပြည်တွင်းမှာ အလုပ်အကိုင် ပြန်လည်ခန့်ထားရေးနှင့်ပတ်သက်ပြီးတော့ ထိုင်း၊ မလေးရှားစတဲ့နိုင်ငံတွေက ပြန်ရောက်လာတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေကို ပြည်တွင်းမှာ အလုပ်အကိုင်ပြန်လည်ခန့်ထားနိုင်ဖို့အတွက် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအောက်မှာရှိတဲ့ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၊ ရန်ကုန်မြို့မှာရှိတဲ့ ပုဂ္ဂလိကလုပ်ငန်း၊ ကုမ္ပဏီတွေနဲ့ချိတ်ဆက်ပြီးတော့ အလုပ်ရှင်နှင့်အလုပ်သမားတွေကို တွေ့ဆုံ၊ ရွေးချယ်၊ ခန့်ထားစေတဲ့ သီးခြားအစီအစဉ်တစ်ရပ်ကို ဆောင်ရွက်ပေးပါတယ်။ နောက် သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ် အလုပ်အကိုင်နှင့်အလုပ်သမားရှာဖွေရေးရုံးတွေကနေပြီးတော့ ကြော်ငြာခေါ်ယူတဲ့အလုပ်နေရာတွေ၊ ပြည်တွင်း အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတွေကနေပြီးတော့ ကြော်ငြာခေါ်ယူတဲ့အလုပ်နေရာတွေမှာ တိုက်ရိုက်တွေ့ဆုံပြီးတော့ အလုပ်ခန့်ထားရေးအတွက် Job Fair ကို ဆောင်ရွက်ပေးခြင်းအားဖြင့် အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒီမိုကရေစီဖော်ဆောင်နေသော နိုင်ငံများမှ အစိုးရများစုပေါင်း၍ Open Government partnership ကိုဖွဲ့စည်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံအနေဖြင့် ထိုအဖွဲ့သို့ဝင်ရောက်ရန် အစီအစဉ်ရှိ/မရှိ နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးတင်မောင်ဦး၊ ရွှေပြည်သာမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးတင်မောင်ဦး(ရွှေပြည်သာမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ အားလုံးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မေးမြန်းမယ့်မေးခွန်းကတော့ OGP ဖြစ်ပါတယ်ခင်ဗျာ။ OGP ကို အနည်းငယ်ရှင်းပြလိုပါတယ်။ OGP အရှည်ကောက်ကတော့ Open Government Partnership ဖြစ်ပြီးတော့ မြန်မာလို ပွင့်လင်းမြင်သာတဲ့အစိုးရနှင့် မိတ်ဖက်အဖွဲ့အစည်းများဖြစ်ပါတယ်။ ယနေ့ကမ္ဘာမှာ ၂၀၁၁ ခုနှစ်ကစပြီးတော့ နိုင်ငံ ၁၁ နိုင်ငံဖြစ်တဲ့ ဘရာဇီး၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မက္ကဆီကို၊ နော်ဝေး၊ တောင်အဖရိက၊ အင်္ဂလန်နှင့်အမေရိကန် စုစုပေါင်း ရှစ်နိုင်ငံနှင့် ၂၀၁၁ ခုနှစ်မှာ OGP ကိုစတင်ဖွဲ့စည်းခဲ့ပါတယ်။ ယနေ့ ၂၀၁၄ ခုနှစ်မှာ နိုင်ငံပေါင်း ၆၃ နိုင်ငံ ဖွဲ့စည်းပြီးဖြစ်ပါတယ်။ ယနေ့

အင်ဒိုနီးရှားနိုင်ငံက ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။ OGP ဖွဲ့စည်းတဲ့ ရည်ရွယ်ချက်ကတော့ အစိုးရနှင့် အသင်းအဖွဲ့များပူးပေါင်းဆောင်ရွက်နိုင်ဖို့ဖြစ်ပါတယ်။ ယနေ့ ဒီမိုကရေစီဖော်ဆောင်နေတဲ့ ကျွန်တော်တို့နိုင်ငံအနေနဲ့လည်း အစိုးရကိုအကူအညီပေးမယ့် အသင်းအဖွဲ့တွေ ရည်ရွယ်ချက်တူ၊ လုပ်ငန်းတူပေါ်လာဖို့လိုပါတယ်။ ဒီအတွက် အသင်းအဖွဲ့များကိုအားကောင်းဖို့အတွက် ကျွန်တော်တို့ ပြည်ထောင်စုလွှတ်တော်ကလည်း အသင်းအဖွဲ့များ မှတ်ပုံတင်ရေးဆိုင်ရာ ဥပဒေကို တာဝန်ကျေစွာနှင့် ထုတ်ပေးပြီးဖြစ်ပါတယ်။ တစ်ဖက်က အစိုးရအဖွဲ့ကလည်း ဒါကိုခေတ်မီပြောင်းလဲတိုးတက်နေတဲ့အချိန်မှာ အသင်းအဖွဲ့များကို စည်းရုံးပြီးတော့ နိုင်ငံတော်တိုးတက်ရေးအတွက် ခေါ်သွားရမှာဖြစ်ပါတယ်။ အစိုးရဘက်က ပြောင်းလဲနေသလို အသင်းအဖွဲ့များသည် အရည်အချင်းရှိတဲ့ အသင်းအဖွဲ့တွေ ဖြစ်လာဖို့လိုပါတယ်။ ဒါဘာကြောင့်တင်ပြရသလဲဆိုတော့ တကယ်သာ အသင်းအဖွဲ့တွေ အားကောင်းလာမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ ဒီမိုကရေစီဖော်ဆောင်ရေးမှာ အစိုးရချည်းသက်သက်၊ လွှတ်တော်ချည်းသက်သက်၊ ပါတီများသက်သက်မဟုတ်ဘဲနဲ့ နိုင်ငံအတွင်းမှာရှိတဲ့အသင်းအဖွဲ့တွေကနေ ဝိုင်းဝန်းကူညီကြရမှာ ဖြစ်ပါတယ်။

ဥပမာတင်ပြရရင် ယနေ့ ဗဟိုဘဏ်ကနေ ငွေငါးထောင်ကျပ်တွေ ထုတ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ လွှတ်တော်ကို တင်ပြဖို့မရှိသေးရင် ဒီလိုအသင်းအဖွဲ့တွေက တွန်းအားပေးမှာဖြစ်ပါတယ်။ အလားတူ လဝက ကနေပြီးတော့ မှတ်ပုံတင်တွေ၊ သန်းခေါင်စာရင်းတွေကောက်တယ်။ ရွေ့ပြောင်းစာရင်းတွေရပြီ။ မီဒီယာတွေကိုရှင်းတယ်။ ပြည်ထောင်စုလွှတ်တော်မှာ လာမရှင်းသေးဘူး။ ဒါမျိုးတွေကိုလည်း အသင်းအဖွဲ့တွေ အားကောင်းလာရင် သူတို့က တွန်းအားပေးမှာဖြစ်ပါတယ်။ ဒါကြောင့် အသင်းအဖွဲ့တွေအားကောင်းဖို့အတွက် ကျွန်တော်တို့ တင်ပြလိုခြင်းဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တို့နိုင်ငံအနေနဲ့ လာမယ့် ၂၀၁၆ မှာ OGP ဝင်မယ်လို့ သတင်းတွေထွက်ပေါ်နေတဲ့အတွက်ကြောင့် ဒီမေးခွန်းကိုမေးခြင်းဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မေးခွန်းက မြန်မာနိုင်ငံအနေနဲ့ OGP သို့ဝင်ရောက်ရန် အစီအစဉ်ရှိ/မရှိ၊ ရှိပါက မည်သို့ပြင်ဆင်မှုများ ဆောင်ရွက်ထားပြီး မည်သည့်အချိန်တွင် ဝင်ရောက်ရန် ရည်ရွယ်ထားပါသလဲဆိုတာ သိရှိလိုပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများရှင်။ ကျွန်မအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဦး မေးမြန်းတဲ့ မြန်မာနိုင်ငံအနေနဲ့ Open Government Partnership (OGP) ကိုဝင်ရောက်ဖို့ အစီအစဉ်ရှိ/မရှိ၊ ရှိပါကလည်း မည်သို့ပြင်ဆင်မှုများဆောင်ရွက်ထားပြီး မည်သည့်အချိန်မှာ ဝင်ရောက်ရန် ရည်ရွယ်ထားပါသလဲဆိုတဲ့မေးခွန်းကို ဖြေကြားမှာဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးတင်မောင်ဦး ပြောတဲ့အထဲမှာလည်းပါသွားပြီးဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအသီးသီးမှာရှိတဲ့ အစိုးရတွေအနေနဲ့ ပွင့်လင်းမြင်သာမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု၊ ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်မှု၊ နည်းပညာတီထွင်ကြံဆမှုတို့မှာ ပိုပြီးတော့ တိုးမြှင့်ဆောင်ရွက်နိုင်ဖို့အတွက်ရည်ရွယ်ပြီးတော့ ဒီမိုကရေစီဖော်ဆောင်နေတဲ့နိုင်ငံတွေက အစိုးရတွေက စုပေါင်းပြီးတော့ ဒီ OGP ကို ၂၀၁၁ ခုနှစ်မှာ ဘရာဇီး၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မက္ကဆီကို၊ နော်ဝေး၊ တောင်အာဖရိက၊ အင်္ဂလန်နှင့် အမေရိကန် စုစုပေါင်း ရှစ်နိုင်ငံနဲ့ စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာတော့ အင်ဒိုနီးရှားနိုင်ငံ ဥက္ကဋ္ဌအနေနဲ့ ဆောင်ရွက်ခဲ့ပြီးတော့ အခုဆိုရင် အဖွဲ့ဝင်နိုင်ငံပေါင်း ၆၃ နိုင်ငံရှိပြီးတော့ အဖွဲ့ဝင်နိုင်ငံ တိုးပွားလာရေးအတွက် စည်းရုံးဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်မတို့ မြန်မာနိုင်ငံအနေနဲ့လည်း Open Government Partnership (OGP)ကို ဝင်ရောက်ဖို့အတွက် အစီအစဉ်ရှိပါတယ်။ လာမယ့် ၂၀၁၆ ခုနှစ်မှာ OGP အဖွဲ့ဝင်ဖြစ်ဖို့အတွက် OGP နှင့်ပတ်သက်ပြီးတော့ လိုအပ်တာတွေကို ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

ကျွန်မတို့ မြန်မာနိုင်ငံ OGP အဖွဲ့ဝင်ဖြစ်စေရေးနှင့်စပ်လျဉ်းပြီးတော့ အတွေ့အကြုံတွေဖလှယ်နိုင်ဖို့အတွက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံ၊ နေပြည်တော်၊ သင်္ဂဟဟော်တယ်မှာ ၃၀-၉-၂၀၁၃ ရက်နေ့မှာ မြန်မာနိုင်ငံက အဖွဲ့အစည်း ငါးခုနှင့်ပြည်ထောင်စုဝန်ကြီးဌာန ၁၉ ခုမှ ကိုယ်စားလှယ်တွေရယ်၊ နောက် USAID, OECD, British Embassy တို့ ပူးပေါင်းပြီးတော့ Workshop on Openess for Sustainability and Progress ခေါင်းစဉ်နဲ့ အလုပ်ရုံဆွေးနွေးပွဲတစ်ခုကို ကျင်းပဆောင်ရွက်ခဲ့ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲရဲ့ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံဟာ OGP အဖွဲ့ဝင်နိုင်ငံဖြစ်လာနိုင်ဖို့အတွက် သတ်မှတ်ထားတဲ့ နယ်ပယ်(၄)ရပ်ဖြစ်တဲ့ ဘဏ္ဍာရေးမှာ ထင်သာမြင်သာရှိမှု၊ အစိုးရနှင့်သက်ဆိုင်တဲ့ သတင်းအချက်

အလက်တွေကို ပြည်သူတွေ အလွယ်တကူရရှိနိုင်မှု၊ အရွေးချယ်ခံ ပြည်သူ့အရာရှိတွေရဲ့ ပိုင်ဆိုင်မှု အခြေအနေတွေကို ထုတ်ပြန်ကြေညာမှုနှင့် ပြည်သူတွေရဲ့ပူးပေါင်းဆောင်ရွက်ခွင့်တို့မှာ စံနှုန်းတွေ ပြည့်မီစွာ ဆောင်ရွက်နိုင်ဖို့အတွက် အထောက်အကူပြုနိုင်ဖို့ ရည်ရွယ်ပြီးတော့ ကျင်းပခဲ့ခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံက ၂၀၁၆ ခုနှစ်မှာ OGP အဖွဲ့ဝင်နိုင်ငံဖြစ်လာဖို့အတွက် တွေ့ကြုံရမယ့် စိန်ခေါ်မှုတွေ၊ လိုအပ်ချက်တွေ၊ အကျိုးရလဒ်တွေကို ကျွန်မတို့ ဆွေးနွေးအမြင်ချင်း ဖလှယ်ခဲ့ကြပါတယ်။ နောက် OECD ရဲ့ မူဝါဒဆိုင်ရာဆွေးနွေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (Policy Dialogue and Capacity Development Workshop)ကိုလည်း Open Government from Recommendations to Implementation ခေါင်းစဉ်နဲ့ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့မှာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီအလုပ်ရုံဆွေးနွေးပွဲမှာ OECD ကနေပြီးတော့ မြန်မာနိုင်ငံရဲ့ ပွင့်လင်းတဲ့ အုပ်ချုပ်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ၊ အရပ်ဖက်ဆိုင်ရာ အဖွဲ့အစည်းနှင့် ပုဂ္ဂလိကကဏ္ဍတွေရဲ့ ပြုပြင်ပြောင်းလဲမှုတွေ၊ စွမ်းဆောင်ရည်တွေ မြှင့်တင်ခြင်းဆိုင်ရာ ကိစ္စရပ်တွေနှင့်စပ်လျဉ်းတဲ့ လေ့လာချက်တွေ၊ သုံးသပ်ချက်တွေကို ရှင်းလင်းဆွေးနွေးခဲ့ကြပါတယ်။ ဒါ့ကြောင့် ကျွန်မအနေနဲ့ မြန်မာနိုင်ငံဟာ OGP ကို ဝင်ရောက်ဖို့ လျာထားစီစဉ်လျက်ရှိပါကြောင်း၊ လိုအပ်တာများကိုလည်း လေ့လာပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၀း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့်ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**မူကြမ်း**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရန် ကဏ္ဍအလိုက်အထောက်အကူပြုသော သုတေသနလုပ်ငန်းများအားမည်သို့စီမံနေသည်နှင့် အများပြည်သူမှီငြမ်းအသုံးပြုနိုင်ရန် လျှို့ဝှက်မဟုတ်သော စာရွက်စာတမ်းများနှင့် တွေ့ရှိချက်များအား အင်တာနက်တွင် ထုတ်ပြန်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် တက်ရောက်လာကြသူများအားလုံးကို မင်္ဂလာပါ။ ကျွန်တော်ကတော့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ကြည်း ၂၅၂၅၇ ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း ဖြစ်ပါတယ်။ အခုလို နိုင်ငံတော်ကို ဒီမိုကရေစီစနစ်နဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အဖက်ဖက်မှ အစွမ်းကုန်ကြိုးစားဆောင်ရွက်နေချိန်မှာ များစွာအထောက်အကူပြုသော သုတေသနလုပ်ငန်းများနှင့် သက်ဆိုင်သည့်မေးခွန်းအား မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံတိုင်းဟာ မိမိတိုင်းပြည်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော သုတေသန (R&D) လုပ်ငန်းများကို ငွေကြေးအရင်းအနှီး အမြောက်အမြား အကုန်ကျခံပြီးတော့မှ နစ်မြှုပ်လုပ်ဆောင်လျက်ရှိပါတယ်။ မြန်မာနိုင်ငံမှာ ဝန်ကြီးဌာနများအလိုက်၊ နယ်ပယ်များအလိုက် ဌာနအသီးသီးမှာ အလွန်အားနည်းနေတာကိုတွေ့ရပါတယ်။ သုတေသနလုပ်ငန်းများဟာ နိုင်ငံအတွက်အလွန်အရေးကြီးတာကြောင့် ဖွံ့ဖြိုးတိုးတက်အောင် အစိုးရကကူညီထောက်ပံ့ပေးရန်လိုအပ်ပါတယ်။ သုတေသနရလဒ်များအပေါ် ခိုင်မာစွာထိန်းသိမ်းရေး မှတ်ပုံတင်ထားရှိရေးဟာလည်း အရေးကြီးပါတယ်။ ဝန်ကြီးဌာနများအလိုက်လည်းကောင်း၊ ပုဂ္ဂလိကအဖွဲ့အစည်းများအလိုက်လည်းကောင်း၊ ကဏ္ဍအသီးသီးမှာ မှတ်ပုံတင်ထားရှိရမယ့်အပြင် ဗဟိုမှာလည်း ထားရှိရန်လိုအပ်ပါတယ်။ သို့မှသာ သုတေသနရလဒ်များ ခိုင်မာလာမည်ဖြစ်သကဲ့သို့ ယုံကြည်စိတ်ချစွာ မှီငြမ်းကိုးကားနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာအနေနဲ့ တောင်သူလယ်သမားများ၊ မွေးမြူရေးသမားများအတွက် အထောက်အကူပြုနိုင်သော ရေ၊ မြေ၊ ရာသီဥတု၊ ပိုးမွှားဆိုင်ရာသုတေသနရလဒ်များကို ဖော်ပြနိုင်ပါက အကျိုးရှိစွာအသုံးချနိုင်မှာဖြစ်ပါတယ်။ သိပ္ပံနှင့်နည်းပညာဆိုင်ရာ သုတေသနရလဒ်များကို

လျှို့ဝှက်ကိစ္စမှလွဲပြီး အသေးစိတ်ဖော်ပြနိုင်ပါက စက်မှုနှင့်သိပ္ပံကဏ္ဍများမှာ လိုအပ်သလိုမှီငြမ်း အသုံးပြုပြီး နည်းပညာဆိုင်ရာတိုးတက်မှုများ တွေ့ရှိလာမှာဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနမှာ သုတေသနစာတမ်းဆိုင်ရာစာတမ်းများ မြောက်မြားစွာရှိမှာဖြစ်ပြီး စုစည်းပြီးဖော်ပြပေးသင့်ပါတယ်။ ဒါကြောင့် ဆိုင်ရာသုတေသနလုပ်ငန်းများ လုပ်ဆောင်ကြတဲ့ ဝန်ကြီးဌာနအသီးသီး၊ ကဏ္ဍအသီးသီးမှ ဘွဲ့ယူစာတမ်းများ၊ သုတေသနစာတမ်းများ၊ လေ့လာတွေ့ရှိချက်များအားစုစည်း၍ တရားဝင်ထုတ်ပြန် ပေးရန်လိုအပ်ပါတယ်။ အင်တာနက်စာမျက်နှာပေါ်မှာ ရယူသုံးစွဲနိုင်ပါက တောင်သူလယ်သမားများ၊ ကျောင်းသားကျောင်းသူများ၊ ဆရာဆရာမများ၊ သုတေသနသမားများနှင့် စိတ်ပါဝင်စားသူအများ ပြည်သူအတွက် အကျိုးရှိမှာဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို လေးစားစွာ မေးမြန်းအပ်ပါတယ်။ (၁) သုတေသနလုပ်ငန်းများအား အများပြည်သူအကျိုးရှိအောင် မည်သို့စီမံ ဆောင်ရွက်နေပါသလဲ မည်ကဲ့သို့ထောက်ပံ့ပါသလဲ။ (၂) ဝန်ကြီးဌာနများအလိုက် လုပ်ဆောင်ကြသော သုတေသနရလဒ်များ၊ မှတ်တမ်းများအား မည်သို့မှတ်တမ်းတင်ထိန်းသိမ်းထားပါသလဲ။ (၃) အများ ပြည်သူမှီငြမ်းအသုံးပြုနိုင်ရန် လျှို့ဝှက်မဟုတ်သော စာရွက်စာတမ်းနှင့် တွေ့ရှိချက်များအား အင်တာနက်စာမျက်နှာတွင် အတည်ပြုထုတ်ပြန်ပေးရန် အစီအစဉ်ရှိပါသလား။ အားလုံးကို ကျေးဇူး တင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်ကြီးများရှင်။ ဒုတိယ ဗိုလ်မှူးကြီးမျိုးထက်ဝင်း၊ တပ်မတော်သားကိုယ်စားလှယ်မေးမြန်းတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်မ ဒေါ်လဲ့လဲ့သိန်းမှ ဖြေကြားမှာ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ သုတေသနလုပ်ငန်းတွေဟာ လူ့စွမ်းအားအရင်းအမြစ်ကို ဖွံ့ဖြိုးစေပြီးတော့ လုပ်ငန်းတွေအောင်မြင်စေဖို့အတွက် စနစ်တကျ ဆောင်ရွက်နိုင်ရေး၊ ဖြစ်ပေါ်နေတဲ့ပြဿနာတွေကိုဖြေရှင်းနိုင်ရေး၊ ထုတ်လုပ်နိုင်စွမ်းအားတိုးတက်ရေး၊ ထုတ်ကုန်တွေဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါသလိုပဲ ဆန်းသစ်တီထွင်မှုကိုလည်း အားပေး ရာရောက်တဲ့အတွက် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုများစွာ အထောက်အကူပြုစေနိုင်ပါတယ်။ နိုင်ငံတော်

အနေနဲ့လည်း သုတေသနလုပ်ငန်းတွေကို ကဏ္ဍအသီးသီးမှာ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ (၁) မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျွန်မတို့ ဒီလယ်ယာကဏ္ဍကြီးအောက်မှာရှိတဲ့ သုတေသနလုပ်ငန်းတွေနဲ့ပတ်သက်လို့ စိုက်ပျိုးရေးသုတေသနဌာနကနေပြီးတော့ ဒေသအလိုက်သင့်လျော်တဲ့ အထွက်ကောင်းသီးနှံ၊ မျိုးကောင်းမျိုးသန့်တွေဖော်ထုတ်ခြင်း၊ သီးနှံအလိုက်၊ ဒေသအလိုက် အကျိုးအမြတ်အများဆုံးရရှိပြီးတော့ သဘာဝအရင်းအမြစ်တွေကို ထိန်းသိမ်းနိုင်မယ့် စိုက်ပျိုးရေးနည်းစနစ်တွေ၊ သီးနှံပိုးစံတွေဖော်ထုတ်ခြင်းနဲ့ သီးနှံဇီဝမျိုးကွဲတွေ ထိန်းသိမ်းအသုံးချခြင်း၊ လူသားအရင်းအမြစ်တိုးတက်ရေး သုတေသနလုပ်ငန်းတွေကို လုပ်ဆောင်လျက်ရှိပါတယ်။ ဒီမွေးမြူရေး၊ အသား/ငါးထုတ်လုပ်ရေးနှင့် ရေလုပ်ငန်းကဏ္ဍမှာလည်း စားနပ်ရိက္ခာဖူလုံရေးနဲ့ ဘေးအန္တရာယ်ကင်းရှင်းမှုရှိစေရေးအတွက် မျိုးကောင်း၊ မျိုးသန့်တိရစ္ဆာန်တွေ စနစ်တကျမွေးမြူနိုင်ရေး၊ ကူးစက်ရောဂါများကင်းရှင်းစေရေး၊ ခိုင်းနွား၊ နွားနောက်၊ တိုင်းရင်းကြက်တို့ရဲ့ မျိုးရိုးဗီဇဆင့်ကဲပြောင်းလဲမှု၊ ခွာနာလျှာနာရောဂါ၊ လည်ချောင်းကွဲရောဂါ၊ ဒေါင့်သန်းရောဂါ၊ ကြက်လည်လိမ်ရောဂါထိန်းချုပ်ရေးနှင့် ကြက်ငှက်တုပ်ကွေးရောဂါ စူးစမ်းလေ့လာရေး သုတေသနများအပြင် ငါးမျိုးတွေ အရည်အသွေးမြင့်မားလာစေဖို့အတွက် မျိုးငါးထိန်းသိမ်းရေး၊ တိုင်းရင်းငါးများ မတိမ်ကောစေရန် စမ်းသပ်မွေးမြူထုတ်လုပ်ခြင်း သုတေသနလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

ဒီစက်မှုကဏ္ဍကြီးအောက်မှာရှိတဲ့ စက်မှုသုတေသနဟာလည်း အရည်အသွေးစစ်ဆေးမှု၊ ဒီဇိုင်းနှင့်မိုလောင်းခြင်းဆိုင်ရာ အချက်အလက်တွေ၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်အသုံးပြုရေးတို့ကို သုတေသနပြုလုပ်ဆောင်ရွက်လျက်ရှိပြီးတော့ ဆေးဝါး၊ စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာဖွံ့ဖြိုးရေးဌာနက ဆေးဝါးအရည်အသွေးစစ်ဆေးမှု၊ ဆေးဝါးအမည်သစ်များဖော်စပ်နည်းစနစ်၊ ဆေးဖက်ဝင်အပင်များစမ်းသပ်မှု၊ အဏုဇီဝပိုးများမွေးမြူခြင်း၊ သုတေသနလုပ်ငန်းတွေနဲ့ ပုဂ္ဂလိကစားသောက်ကုန်စက်ရုံများမှ ထုတ်ကုန်တွေရဲ့ အရည်အသွေးစစ်ဆေးခြင်း၊ ရေဆိုးတွေရဲ့ အခြေအနေစမ်းသပ်စစ်ဆေးခြင်း ဒီလုပ်ငန်းတွေကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နောက်လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့လည်း တမံနှင့်ဆက်စပ်ရေအား အဆောက်အဦလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ တမံအမျိုးအစားအလိုက် သတ်မှတ်စံချိန်စံညွှန်းတွေနဲ့ ကိုက်ညီဖို့ဆောင်ရွက်လျက်ရှိပြီးတော့ လုပ်ငန်းတစ်ခုစီချင်းအလိုက် အသုံးပြုမယ့်ပစ္စည်းတွေရဲ့ အရည်အသွေးတွေကို သုတေသနပြုစမ်းသပ်စစ်ဆေးဆောင်ရွက်ပြီးမှ အသုံးပြုပါတယ်။ တမံတည်ဆောက်မယ်ဆိုရင် တမံဖို့ဘို့အတွက် Trial Embankment Test တွေကို အကြိမ်ကြိမ် သုတေသနပြုလုပ်ပြီးမှ ရရှိတဲ့ရလဒ်ပေါ်မူတည်ပြီးတော့

ဆောင်ရွက်ခြင်း၊ တမံနှင့် ဆက်စပ်ရေအား အဆောက်အဦတွေအတွက် Hydraulic Model Test စမ်းသပ်ချက်များကိုလည်း သုတေသနပြုစစ်ဆေးဆောင်ရွက်ပါတယ်။ စမ်းသပ်စစ်ဆေးပြီးရလာတဲ့ တွေ့ရှိချက်တွေနဲ့ ရလဒ်တွေကို အခြားစီမံကိန်းတွေအတွက် မှီငြမ်းကိုးကားအသုံးပြုနိုင်ရန် သိမ်းဆည်းထားပါတယ်။

ဒါ့အပြင် သုတေသနစာတမ်းဖတ်ပွဲတွေကိုလည်း အခါအားလျော်စွာ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ဝန်ဆောင်မှုကဏ္ဍကြီးအောက်မှာရှိတဲ့ ပညာရေးဝန်ကြီးဌာနအနေနဲ့လည်း တက္ကသိုလ်တွေမှာ ပညာရပ်ဆိုင်ရာသုတေသနလုပ်ငန်းတွေ၊ ဒေသလိုအပ်ချက်နဲ့ နိုင်ငံတော်ရဲ့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက်သုတေသနနိုင်ငံ၊ ဒေသအကျိုးပြုသုတေသနလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့လည်း ဈေးကွက်မှာရှိတဲ့ ဆေးဝါးတွေ အရည်အသွေးစစ်ဆေးခြင်း၊ ဆေးဝါးဘေးထွက်ဆိုးကျိုးစောင့်ကြည့်ခြင်း၊ အစားအသောက်၊ ဆေးဝါး၊ အလှကုန်နှင့် သက်ဆိုင်တဲ့ ဓာတ်ခွဲလုပ်ငန်းဆိုင်ရာသုတေသန၊ ဆေးဝါးအရည်အသွေး၊ အာနိသင်၊ ဘေးအန္တရာယ်ကင်းရှင်းမှုနဲ့ ပတ်သက်တဲ့သုတေသန၊ မိမိတို့ရဲ့ တိုင်းပြည်ဒေသ၊ ရာသီဥတုနဲ့ကိုက်ညီတဲ့ ဆေးပညာရပ်ဆိုင်ရာကုထုံးတွေ၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုမှ အကျိုးသက်ရောက်မှုတွေ မှတ်ပုံတင်တိုင်းရင်းဆေးဝါးများ အမျိုးအစားနှင့် အရည်အသွေးစစ်မှန်မှုအတွက် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်း၊ ပြည်သူတွေရဲ့ကျန်းမာရေးပြဿနာတွေကို ရှာဖွေဖော်ထုတ်ခြင်း၊ ကာကွယ်ကုသမှုပေးခြင်းနှင့် ပြန်လည်ထူထောင်မှုလုပ်ငန်းတွေကို အထောက်အကူပြုနိုင်တဲ့ သုတေသနလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိတဲ့အပြင် ဘွဲ့လွန်ကျမ်းပြုသုတေသန လုပ်ငန်းတွေကိုပါ ဆောင်ရွက်လျက်ရှိပါတယ်။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေနဲ့လည်း နည်းပညာလိုအပ်ချက်ဆိုင်ရာ သုတေသနလုပ်ငန်းတွေဖြစ်တဲ့ စက်မှုလုပ်ငန်းသုံး အရည်အသွေးမြင့် ပစ္စည်းတွေ၊ သွင်းကုန်အစားထိုးပစ္စည်းတွေ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအထောက်အကူပြုစေမယ့် ပစ္စည်းများ စိုက်ပျိုးရေး၊ ဆေးသိပ္ပံ/အစာအာဟာရ၊ တိရစ္ဆာန်မွေးမြူရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းမှု ဇီဝသတင်းအချက်အလက်တွေ အသုံးချမှုစတဲ့ နယ်ပယ်အသီးသီးမှာ နည်းပညာဆိုင်ရာ လိုအပ်ချက်တွေကို အထောက်အကူပေးနိုင်ရန်နှင့် ထုတ်လုပ်မှုအရည်အသွေးမြင့်မားရေးအတွက် သုတေသနလုပ်ငန်းတွေကို နိုင်ငံခြားတက္ကသိုလ်တွေ၊ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးတော့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်မှာရှိတဲ့ သမိုင်းသုတေသန၊ ရှေးဟောင်းသုတေသနတို့ကလည်း သမိုင်းမှတ်တမ်းတွေထိန်းသိမ်းရေး၊ ရှေးဟောင်းအမွေအနှစ်များ ထိန်းသိမ်းရေးစတဲ့ သုတေသနလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့လည်း ကုန်သွယ်ပေးရေးဆိုင်ရာအကူအညီပေးရေးအစီအစဉ် Aid For Trade အောက်မှာရှိတဲ့ ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အကူအညီများအတွက် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဘက်စုံဆက်စပ်လေ့လာမှုသုတေသနကို စီမံကိန်းချဆောင်ရွက်လျက်ရှိပါတယ်။ မေးခွန်း(၂)အနေနဲ့ ဖြေကြားရမယ်ဆိုရင် သုတေသနရလဒ်တွေ၊ မှတ်တမ်းတွေ မှတ်တမ်းတင်ထိန်းသိမ်းမှုနှင့်စပ်လျဉ်းပြီးတော့ ဝန်ကြီးဌာနအလိုက်ဆောင်ရွက်နေကြတဲ့ သုတေသနရလဒ်တွေ၊ သမိုင်းမှတ်တမ်းတွေကို သက်ဆိုင်ရာတက္ကသိုလ်၊ ဝန်ကြီးဌာန၊ စာကြည့်တိုက်တွေ၊ အမျိုးသားစာကြည့်တိုက်နဲ့ အမျိုးသားမော်ကွန်းတိုက်တို့မှာ Soft Copy, Hard Copy တို့နဲ့သော်လည်းကောင်း၊ မူလစက္ကူမှတ်တမ်းအသွင်နဲ့သော်လည်းကောင်း၊ Micro film နဲ့သော်လည်းကောင်း၊ Digital စနစ်နဲ့သော်လည်းကောင်း စနစ်တကျထိန်းသိမ်းထားရှိကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ရန်ကုန်တက္ကသိုလ်မှာရှိတဲ့ တက္ကသိုလ်များ သိပ္ပံသုတေသနဌာန (URC) မှာဆိုရင်လည်း ဘွဲ့လွန်ကျမ်းပြုသုတေသနတွေ၊ ဒေသ/နိုင်ငံအကျိုးပြုသုတေသနတွေကို စနစ်တကျမှတ်တမ်းထားရှိကြောင်း ရှင်းလင်းဖော်ပြအပ်ပါတယ်။ နောက်စီးပွားရေးနှင့်သက်ဆိုင်တဲ့ သုတေသနတွေကိုလည်း ပုဂ္ဂလိကကုမ္ပဏီတွေအနေနဲ့ ဆောင်ရွက်လုပ်ကိုင်ကြပြီးတော့ အချို့သောသုတေသနတွေဟာဆိုရင် ဉာဏပစ္စည်းဆိုင်ရာမူပိုင်ခွင့် Intellectual Property Rights၊ နောက်ပြီးတော့ Copy Rights တွေနဲ့သက်ဆိုင်နေတဲ့အတွက်ကြောင့်မို့လို့ သုတေသနရလဒ်တွေဟာ အများသိသာစေဖို့ ဖော်ထုတ်ရေးအတွက် အချိန်အတိုင်းအတာတစ်ခုလိုအပ်ကြောင်းလည်း တင်ပြအပ်ပါတယ်။ မေးခွန်း(၃)နဲ့ပတ်သက်ပြီးတော့ အများပြည်သူတွေအသုံးပြုနိုင်ဖို့ လျှို့ဝှက်မဟုတ်တဲ့ စာရွက်စာတမ်းတွေ၊ အင်တာနက်မှာ အတည်ပြုထုတ်ပြန်နိုင်ရေး အစီအစဉ်နှင့်ပတ်သက်ပြီးတော့ ရှင်းလင်းတင်ပြမှာဖြစ်ပါတယ်။ ကျွန်မတို့ဝန်ကြီးဌာနတွေဟာ သုတေသနလုပ်ငန်းတွေကို ဝန်ကြီးဌာနတစ်ခုချင်းသော်လည်းကောင်း၊ ပူးပေါင်း၍သော်လည်းကောင်း ဆောင်ရွက်ကြပါတယ်။ သုတေသနဆောင်ရွက်မှုတွေနဲ့ အချို့ကတော့ ကနဦးအဆင့် Primary သုတေသန ဆောင်ရွက်ချက်တွေဖြစ်ပြီးတော့ တချို့ကတော့ ဆောင်ရွက်ဆဲအဆင့် သုတေသနလုပ်ငန်းတွေဖြစ်ပါတယ်။ တချို့ကတော့ လက်တွေ့စမ်းသပ်မှုမပြုရသေးတဲ့ သုတေသန

လုပ်ငန်းတွေဖြစ်တာကြောင့် ရလဒ်တွေကိုထုတ်ပြန်လို့ မရနိုင်သေးတဲ့ အခြေအနေမျိုးတွေလည်းရှိပါတယ်။

အများပြည်သူအသုံးပြုနိုင်တဲ့အဆင့်၊ နည်းပညာပြန့်ပွားရေးကို ဆောင်ရွက်နိုင်တဲ့အဆင့် မြန်မာနိုင်ငံရဲ့ GDP မှာ အချိုးများစွာပါဝင်နေတဲ့ လယ်ယာကဏ္ဍဟာ သုတေသနရလဒ်တွေဖြစ်တဲ့ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်တွေ၊ ဈေးကွက်ဝင်သီးနှံတွေ စိုက်ပျိုးနည်းပညာ၊ ဒေသနှင့်သင့်လျော်တဲ့ စပါးမျိုးသစ်၊ စက်မှုကုန်ကြမ်းနှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုး နည်းစနစ်တွေကို တောင်သူလယ်သမားတွေအလွယ်တကူကြည့်ရှုလေ့လာနိုင်ဖို့အတွက် တောင်သူလယ်သမားကဏ္ဍရုပ်သံလိုင်း (Farmer Channel) နဲ့ အခြားရုပ်သံလိုင်းတွေမှာလည်း ထုတ်လွှင့်ပြသပေးလျက်ရှိသည့်အပြင် ဂျာနယ်၊ မဂ္ဂဇင်းတို့နဲ့လည်း ဖြန့်ဝေပေးလျက်ရှိကြောင်း ဥပမာတစ်ရပ်အနေနဲ့ တင်ပြရှင်းလင်းလိုပါတယ်။ နောက် အများပြည်သူ သိသင့်သိထိုက်တဲ့အချက်အလက်တွေကို ဝန်ကြီးဌာနအလိုက် Website တွေတည်ထောင်ပြီး လွှင့်တင်ထားပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမျိုးထက်ဝင်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၄၄ နည်းဥပဒေခွဲ(က) အရ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ ဒုတိယဝန်ကြီးဖြေသွားတဲ့အခါမှာ ကျွန်တော်တို့ သုတေသနလုပ်ငန်းတွေကို ဘက်ပေါင်းစုံကနေပြီး လုပ်ဆောင်နေပြီးတော့မှ အားရစရာ၊ ကျေနပ်စရာကောင်းအောင် ကျွန်တော်တို့ ကြားသိရပါတယ်။ ယခုလက်ရှိအနေအထားမှာလည်း ကျွန်တော်တို့ လက်လှမ်းမီသလောက် လေ့လာတဲ့အခါမှာ ကမ္ဘာ့အဆင့်၊ ပြီးရင်နိုင်ငံတော်အဆင့်၊ ပြီးရင်ဝန်ကြီးဌာနအဆင့်၊ ကျောင်းတွေအဆင့်၊ တက္ကသိုလ်အဆင့် အဲ့ဒါတွေအားလုံးမှာ သုတေသနဆိုင်ရာလုပ်ငန်းတွေကိုလုပ်နေကြတာ ကျွန်တော်တို့ ကြားလည်းကြားသိရပါတယ်။ တွေ့လည်းတွေ့နေရပါတယ်။ အဲ့တော့ ကျွန်တော်တို့ သူများနိုင်ငံမှာ သွားပြီးပညာသင်တဲ့အခါမှာ ဒီ Research Center ကြီးတွေဖွင့်ပြီးတော့မှ ကျွန်တော်တို့က အဲ့ဒီမှာ ဦးစီးပြီး ဒါနိုင်ငံတော်ရဲ့လိုအပ်တဲ့ဟာတွေကို Control လုပ်ပြီးတော့မှ ကျွန်တော်တို့ သုတေသနလုပ်ငန်းတွေကို စီမံတာကြားခဲ့ဖူးပါတယ်။ ဒါပေမယ့် ကျွန်တော်တို့က အခု တစ်ကြောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို လိုအပ်တဲ့ဟာတွေကို လုပ်နေတဲ့အခါမှာ ဝန်ကြီးဌာနအတွက်တော့ မှန်ကောင်းမှန်မယ်။ တိုင်းပြည်နဲ့ စီမံကိန်းကြီးတွေအတွက် လိုအပ်တဲ့ဟာမျိုးကို လုပ်ဖို့ကို ကျွန်တော်တို့က သုတေသနဗဟိုဌာနမျိုးကြီးတွေ ဖွဲ့ပြီးတော့များ ဆောင်ရွက်ဖို့ အစီအစဉ်ရှိပါသလား။ အဲ့လိုမှမဟုတ်ရင်လည်း

မည်ကဲ့သို့များ ကျွန်တော်တို့ ထိန်းကျောင်းပြီးတော့မှ နိုင်ငံတော်ရဲ့ လိုအပ်တဲ့ အရေးကြီးတဲ့စီမံကိန်း အတွက်ကို သုတေသနလုပ်ငန်းတွေကို ချမှတ်ပါသလဲဆိုပြီး သိချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဒေါ်လဲ့လဲ့သိန်း(ဒုတိယဝန်ကြီး၊ အမျိုးသားစီမံကိန်း နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး ဌာန)**။ ။ ခုနက ကျွန်မရှင်းလင်းတင်ပြသလိုပါဘဲ ခုနက ဒုတိယဗိုလ်မှူးကြီးပြောသလိုပဲ ကမ္ဘာ့အဆင့်၊ နိုင်ငံတော်အဆင့်၊ ဝန်ကြီးဌာနအဆင့်၊ ကဏ္ဍအဆင့်စသည်ဖြင့် ဒါတွေဟာ ဆောင်ရွက်ကြတယ်။ ဒီမှာဆိုရင်တော့ Central Research Center ကြီးတစ်ခု တည်ထောင်ဖို့နေရာရှိသလား စသဖြင့် မေးသွားပါတယ်။ အခု ကျွန်မအနေနဲ့ ဖြေကြားမှာကတော့ ဒီနိုင်ငံတော်မှာတော့ ဒီ Sectoral ကဏ္ဍအလိုက်ကဏ္ဍတွေကို တာဝန်ယူဆောင်ရွက်နေတဲ့ ဝန်ကြီးဌာနတွေဟာ သူ့သက်ဆိုင်ရာကဏ္ဍတွေရဲ့ဖွံ့ဖြိုးတိုးတက်မှုကို ကျွန်မတို့ သုတေသနဌာနတွေပေါ့နော်။ ခုနက ကျွန်မတင်ပြတဲ့အထဲမှာလည်း ပါပါတယ်။ လယ်ယာ စိုက်ပျိုးရေးမှာဆိုလည်း သုတေသနဌာနရှိတဲ့ စက်မှုသုတေသန စသည်ဖြင့် Sectoral ပေါ့နော်။ ကဏ္ဍအလိုက်၊ ဝန်ကြီးဌာနအလိုက် သုတေသနဌာနတွေကို တည်ထောင်ပြီးတော့ ဒီဟာကို ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့ အချိန်အတိုင်း အတာအပေါ် မူတည်ပြီးတော့ အများပြည်သူ အသုံးပြုနိုင်တဲ့အဆင့်၊ နည်းပညာပြန့်ပွားရေးကို ဆောင်ရွက်နိုင်တဲ့အဆင့်ရောက်တဲ့အခါမှာလည်း ကျွန်မတို့ ထုတ်ပြန်သွားပါတယ်။ အခု website တွေလည်း တည်ထောင်ပြီး လွှင့်တင်ထားတယ်ဆိုတာကို ရှင်းလင်းတင်ပြပြီးဖြစ်ပါတယ်။ ဒီ Central Center ကြီးတစ်ခုလုံးကို တည်ထောင်နိုင်မယ်ဆိုရင်တော့ ဒါကောင်းတဲ့ကိစ္စရပ်ဖြစ်ပါတယ်။ အခုအနေနဲ့ကတော့ ဝန်ကြီးဌာနအလိုက်၊ Sector အလိုက် ဒီဟာအားလုံး ဆောင်ရွက်နေတယ်ဖြစ်ကြောင်းကိုပဲ ရှင်းလင်းတင်ပြလိုပါတယ်ရှင်။

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ်ပြီးဆုံးပါပြီ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အစီရင်ခံစာကို တင်ပြရန်ဖြစ်ပါတယ်။ အစီရင်ခံစာတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းစိန်(ဥက္ကဋ္ဌ၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ)**။ ။ ယနေ့ လွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် အားလုံး တက်ရောက်လာတဲ့ပုဂ္ဂိုလ်

တွေကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကို တင်သွင်းတဲ့ အစီရင်ခံစာဖတ်ကြားသွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ ဒီလို အစီရင်ခံစာကိုလည်း ကျွန်တော်တို့ လွှတ်တော် ပုံမှန်အစည်းအဝေးတိုင်းမှာ ကျွန်တော်တို့ တင်ပြခဲ့ပြီး ဖြစ်ပါတယ်။

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၄ ပါ ပြဋ္ဌာန်းချက်များနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၉၆၊ ၉၈၊ ၁၀၀ တို့တွင် ပြဋ္ဌာန်းထားသည့် ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့်ပတ်သက်ပြီး ပြည်ထောင်စုဌာနများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ဆောင်ရွက်ထားရှိမှုအခြေအနေကို ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ အစီရင်ခံစာ ပြုစုတင်ပြရခြင်း ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၂။ ၂၈-၅-၂၀၁၄ မှ ၁-၈-၂၀၁၄ ရက်နေ့အထိ ကျင်းပခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် လွှတ်တော်တွင်း ကြယ်ပွင့်ပြမေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများ၊ ပထမပုံမှန်မှ နဝမပုံမှန်အစည်းအဝေးထိ ကြယ်ပွင့်ပြမေးမြန်းခဲ့သည့် မေးခွန်းများနှင့် အဆိုများအနက် မပြီးပြတ်သေးသောလုပ်ငန်းများ၊ ဒသမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြစာဖြင့်မေးသော မေးခွန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ နောက်ဆုံး ဆောင်ရွက်ထားရှိမှုအား ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးသို့ တင်ပြရန်ဖြစ်ပါတယ်။

**ကော်မတီ၏ လုပ်ဆောင်ချက်**

၃။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ၁၂-၈-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့

အစည်းဌာနများကိုဖိတ်ကြား၍ အစည်းအဝေးတစ်ရပ်ပြုလုပ်ပြီး ဌာနအလိုက် ကတိပြုခဲ့တဲ့ လုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ဆောင်ချက် နောက်ဆုံးအခြေအနေများကို ညှိနှိုင်းတောင်းခံခဲ့ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၏ ဖြေကြားချက်များကို အောက်ပါအတိုင်း အပိုင်း(၄)ပိုင်းဖြင့် ပြုစုတင်ပြအစီရင်ခံထားခြင်းဖြစ်ပါတယ်။

အပိုင်း(၁)ကတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးမှာ လွှတ်တော်တွင်း မေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်း ၂၅၅ ခု၊ ကတိဖြစ်ခဲ့တဲ့မေးခွန်းက ၁၁၂ ခုအနက် ဆောင်ရွက်ပြီးလုပ်ငန်း ၁၆ ခုနှင့် မပြီးပြတ်သေးသောလုပ်ငန်း ၉၆ ခုရှိပါတယ်။ ၎င်း ၉၆ ခုကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ဆဲလုပ်ငန်း ၅၃ ခု၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်နောက်ပိုင်းမှ ဆောင်ရွက်ပေးမည့် လုပ်ငန်း ၄၃ ခုရှိပါတယ်။ တင်သွင်းခဲ့သော အဆို ၁၆ ခုမှ အတည်ပြုအဆိုနှစ်ခု ဖြစ်ပေါ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ဖြေကြားချက်များကို နောက်ဆက်တွဲ(က) ဇယားဖြင့် တင်ပြထားပါတယ်။

အပိုင်း(၂) ပထမပုံမှန်မှ နဝမပုံမှန်အထိ ကြယ်ပွင့်ပြ ကတိဖြစ်ခဲ့သောမေးခွန်းပေါင်း ၆၇၈ ခု အနက်မှ မပြီးပြတ်သေးသော မေးခွန်းပေါင်း ၁၄၉ ခုနှင့် အတည်ပြုခဲ့သောအဆို ၇၇ ခုအနက်မှ မပြီးပြတ်သေးသော အဆို ၁၂ ခု ကျန်ရှိပါတယ်။ အဆိုပါလုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါ အတိုင်းတင်ပြအပ်ပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ဖြေကြားချက်အသေးစိတ်ကို နောက်ဆက်တွဲ(ခ)တွင် ဇယားဖြင့် တင်ပြထားပါတယ်။

ကြယ်ပွင့်ပြမေးခွန်းပေါင်း ကျွန်တော်တို့ အားလုံး ကတိဖြစ်ခဲ့တာ ၆၇၈ ခုမှာ အစိုးရအဖွဲ့ရုံး ကနေပြီးတော့ ပြီးစီးပြီးဆိုပြီးတော့ ကျွန်တော်တို့ဆီကို ပေးပို့တာ ၅၂၉ ခု၊ ၂၀၁၄-၂၀၁၅ မှာ ဆောင်ရွက်ဆဲလုပ်ငန်းက ၁၁၉ ခု၊ ၂၀၁၅-၂၀၁၆ နောက်ပိုင်းမှလုပ်ပေးမယ်ဆိုတဲ့ ကတိက ၃၀ စုစုပေါင်း လုပ်ငန်းလက်ကျန် ၁၄၉ ခု ဖြစ်ပါတယ်။ အဆိုက အားလုံးပေါင်း ၇၇ ခု အတည်ပြုအဆို၊ အဲဒီမှာ ပြီးစီးပြီးဆိုပြီးတော့ အစိုးရအဖွဲ့ရုံးကနေ ပို့ထားတာ ၆၅ ခု လက်ကျန်က ၁၂ ခု ဖြစ်ပါတယ်။

နောက် အပိုင်း(၃) တတိယပုံမှန်မှ နဝမပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်မပြမေးခွန်းများ အနက် ကတိဖြစ်ခဲ့သော မေးခွန်းပေါင်း ၁၈၃၂ ခု နှင့်ပတ်သက်၍ ပြီးပြတ်သော လုပ်ငန်းနှင့် လက်ကျန်လုပ်ငန်းစာရင်းများအနက် အောက်တွင်ဖော်ပြထားသော မပြီးပြတ်သေးသည့် လုပ်ငန်း ၇၅၃ ခုကို ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ နောက်ဆုံး ဆောင်ရွက်ထားရှိမှု အသေးစိတ်ကို နောက်ဆက်တွဲ(ဂ)ဖြင့် တင်ပြထားပါတယ်။

ကြယ်ပွင့်မပြမေးခွန်းပေါင်းက အားလုံးစုစုပေါင်း ကတိဖြစ်တာ ၁၈၃၂ ခု၊ အစိုးရအဖွဲ့ကနေ ပြီးပြီဆိုပြီးတော့ ပေးပို့ထားတာ ၁၀၇၉ ခု၊ ၂၀၁၄-၂၀၁၅ အတွင်း ဆောင်ရွက်ဆဲလုပ်ငန်းက ၅၄၉ ခု၊ ၂၀၁၅-၂၀၁၆ နောက်ပိုင်းမှ ဆောင်ရွက်ပေးမယ်ဆိုတဲ့လုပ်ငန်းက ၂၀၄ ခု စုစုပေါင်း ၇၅၃ ခုဖြစ်ပါတယ်။ နဝမပုံမှန်အစည်းအဝေးတွင် ကတိဖြစ်ခဲ့သော လုပ်ငန်း ၃၀၇ ခုအနက် ၈၇ ခု ပြီးစီးပြီး ၂၂၀ ခု ကျန်ရှိသဖြင့် လုပ်ငန်းလက်ကျန်မှာ များနေခြင်း ဖြစ်ပါတယ်။

အပိုင်း(၄) ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြ မေးခွန်းပေါင်း ၆၀၅ ခုအနက် ကတိဖြစ်ခဲ့သော မေးခွန်းပေါင်းက ၂၇၆ ခုရှိပါတယ်။ အဲဒါနဲ့ ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ စာဖြင့် ဖြေကြားချက်များ ဖြစ်သဖြင့် ဖြေကြားတဲ့ကာလကလည်း မကြာသေးတဲ့အတွက် အဲဒီကတိဖြစ်တဲ့ လုပ်ငန်းတွေကို မူရင်းအတိုင်း နောက်ဆက်တွဲ(ဃ)ဖြင့် တင်ပြထားပါတယ်။

၄။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်မှ နဝမပုံမှန်အထိ ကြယ်ပွင့်ပြ မေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများ၊ တတိယပုံမှန်မှ နဝမပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်မပြ မေးမြန်းခဲ့သည့် မေးခွန်းများနှင့်ပတ်သက်၍ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ဖြေကြားချက်အသေးစိတ်ကို ကျွန်တော်တို့ CD ဖြင့် ဇယားဖြင့် နောက်ဆက်တွဲတင်ပြထားပါတယ်။

**ကော်မတီ၏သုံးသပ်ချက်**

၅။ လွှတ်တော်အစည်းအဝေးများတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဖွဲ့အစည်းများမှ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များကိုယ်တိုင် တာဝန်ယူ တာဝန်ယူခံပြီး စိစစ်ဖြေကြားလျက်ရှိပါသဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ကော်မတီများ၏ လုပ်ဆောင်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဆောင်ရွက်လျက်ရှိပါသဖြင့် လုပ်ငန်းကောင်းမွန်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

၆။ ပြည်သူ့လွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာအပေါ် သဘောတူညီကြောင်း ကျွန်တော်တို့ ကော်မတီဝင်တွေရဲ့ လက်မှတ်ထိုးထားတဲ့ စာရွက်ကိုလည်း တင်ပြထားပြီးဖြစ်ပါတယ်။

**မူကြမ်း**

**နိဂုံး**

၇။ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များမှ အာမခံချက်များ၊ တာဝန်ခံချက်များ၊ ကတိများအပေါ် ဆောင်ရွက်ထားရှိမှုအား ပြည်သူလူထုနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သိသာထင်ရှား၊ ပွင့်လင်းမြင်သာစွာ သိရှိနိုင်ရေးအတွက် ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးတိုင်းတွင် လွှတ်တော်သို့အစီရင်ခံလျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကိုလေးစားပါတယ်။

[ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား CD ဖြင့် ဖြန့်ဝေထားပါသည်။]

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ် များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုပါကိစ္စနှင့်စပ်လျဉ်းပြီး ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့ ၁၅:၀၀ နာရီအချိန် နောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော် ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးပို့ဖို့ ဖြစ်ပါတယ်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တင်သွင်းခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(က)အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတင်သွင်းရန် ဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီအား တင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးစိုးနိုင်(ဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။

**မူကြမ်း**

ကျွန်တော်ကတော့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီဥက္ကဋ္ဌ တာဝန်ယူထားပြီးတော့ ဖျာပုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးနိုင်ဖြစ်ပါတယ်။ ဒီဥပဒေနှင့်ပတ်သက်လို့ မနေ့ကလည်းပဲ ကျွန်တော် လွှတ်တော်အတွင်းမှာပဲ ရှင်းလင်းတင်ပြပြီး ဖြစ်ပါတယ်။ ယနေ့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက် ပေးနိုင်ဖို့အတွက် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်သို့ တင်သွင်းအပ်ပါတယ်ခင်ဗျား။

## တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဆောင်ရွက်နိုင်ဖို့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၅ နည်းဥပဒေခွဲ(ခ)အရ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ စိစစ်တွေ့ရှိမှု အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းတင်ပြရန် ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီအား ဖိတ်ခေါ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း လေးစားစွာဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးမဲဆန္ဒနယ်မှ ဥပဒေကြမ်းကော်မတီဝင် ဦးခင်မောင်ရွှေ ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

၁။ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသော တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးဖြစ်သည့် သတ္တမနေ့ ၂၃-၉-၂၀၁၄ ရက်နေ့မှာ လွှတ်တော်က လက်ခံဆွေးနွေးရန် အတည်ပြုခဲ့ပြီးဖြစ်ပါတယ်။

၂။ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေရဲ့ အခန်း (၃)၊ ပုဒ်မ ၄ မှာ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ဦးဆောင်အဖွဲ့ကို ပြည်ထောင်စုအစိုးရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုနှင့် ပြည်ထောင်စုဝန်ကြီးတို့က ဦးဆောင်ရမည်ဟု ဖော်ပြပါရှိပါတယ်။ တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေဟာ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ လူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော တောင်သူလယ်သမားထုတစ်ရပ်လုံးနှင့် တိုက်ရိုက်ပတ်သက်မှုရှိခြင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များတွင် ဘဏ္ဍာငွေကြေးဆိုင်ရာကိစ္စများပါဝင်ခြင်း၊ တောင်သူလယ်သမားနှင့် သက်ဆိုင်သောအခွင့်အရေးများ ဆုံးရှုံးနစ်နာမှုမရှိစေအောင် ဆောင်ရွက်ပေးရမည်ဖြစ်တဲ့အတွက် ဦးဆောင်အဖွဲ့အား ဒုတိယသမ္မတတစ်ဦး ဦးဆောင်ခြင်းဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ရှိ ပုဂ္ဂိုလ်များကို ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းပေးနိုင်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များနှင့်လည်းပဲ ဆက်သွယ်ဆောင်ရွက်ရန် လွယ်ကူချောမွေ့သွားမည်ဖြစ်သည်ကို ကြိုးကြောင်းဖော်ပြပြီး ဤဥပဒေပါရည်ရွယ်ချက်များကို ထိရောက်အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန်နှင့် ဦးဆောင်အဖွဲ့၏လုပ်ငန်းတာဝန်များကို ပီပြင်စွာဆောင်ရွက်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက ဤဥပဒေကြမ်းအား ပြင်ဆင်ရေးဆွဲထားကြောင်း လေ့လာတွေ့ရှိရပါတယ်။

၃။ ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီဟာ ၂၃-၉-၂၀၁၄ ရက်နေ့မှာပဲ ညှိနှိုင်းအစည်းအဝေးကျင်းပခဲ့ကြပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ ပါ အခြေခံရမည့်မူ ၁၂ ချက်နှင့် အညီစိစစ်ခဲ့ကြရာ ယခုပြင်ဆင်သည့်ဥပဒေကြမ်းမှာပါရှိတဲ့ ပြဋ္ဌာန်းချက်များအား ပြင်ဆင်ချက်မရှိသဘောတူလက်ခံသင့်ပါကြောင်း စိစစ်တွေ့ရှိရပါတယ်။

**မူကြမ်း**

၄။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်မှာ အတည်ပြုပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ကြပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် တောင်သူ လယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ဆွေးနွေး၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော် ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်းကြေညာခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၈၆၊ ၁၈၈ တို့နှင့်အညီ ဒီဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်း ဆွေးနွေးလိုသူများသည် ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၂၆-၉-၂၀၁၄ (သောကြာနေ့)နောက်ဆုံးထားပြီး အမည်စာရင်းတင်သွင်းရန်ဖြစ် ကြောင်းအသိပေးကြေညာပါတယ်။

**စစ်ဆင်ရေးအထောက်အကူပြုဝန်ထမ်းအဖြစ် တပ်မတော်သားများနှင့်အတူ လိုက်ပါဆောင်ရွက် စဉ် အသက်၊ ခန္ဓာ၊ ပစ္စည်းဥစ္စာများ ဆုံးရှုံးခဲ့ရသော ပြည်သူများမနစ်နာစေရေးအတွက် ထိုက်သင့် သောအသိအမှတ်ပြုမှု၊ ဂုဏ်ပြုလက်မှတ်၊ ဂုဏ်ပြုလွှာတို့ကို စိစစ်ထုတ်ပေးရေးနှင့် ယင်းတို့၏ ဘဝအဆင်ပြေစေရေးအတွက် ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးရန် မူဝါဒ သို့မဟုတ် ဥပဒေ ပြဋ္ဌာန်းပေးရေးအဆိုနှင့်ပြည်သူများသေကျေခြင်း၊ ကိုယ်ခန္ဓာစွန့်လွှတ်ရခြင်း၊ ပစ္စည်းဥစ္စာ ဆုံးရှုံးမှုနှင့် ဆင်းရဲဒုက္ခရောက်နေရခြင်းမှာ ပြည်တွင်း ပဋိပက္ခလက်နက်ကိုင်တိုက်ခိုက်မှု များ ကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်သဖြင့် ပြည်သူ များ၏ဆန္ဒများနှင့်အညီ ယနေ့ငြိမ်းချမ်း ရေးရရှိအောင် ကြိုးစားဆောင်ရွက်နေချိန်တွင် ပစ်ခတ် တိုက်ခိုက်မှုများကို သက်ဆိုင်သူများမှ ဦးစွာအမြန်ဆုံး ရပ်ဆိုင်းပေးရေးအဆိုတင်သွင်းခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဆိုင်ရာနည်းဥပဒေ ၁၆၃ အရ အရေးတကြီးကိစ္စတစ်ရပ်ကို ဆွေးနွေးရန် ဦးစိုင်းသန်းနိုင်၊ ဖာပွန်

မဲဆန္ဒနယ်က ဥက္ကဋ္ဌထံ စာရေးသားလက်မှတ်ရေးထိုးပြီး အဆိုတစ်ရပ်အဖြစ် တင်ပြလာပါတယ်။ အဆိုမှာ-

၁။ စစ်ဆင်ရေးအထောက်အကူပြုဝန်ထမ်းအဖြစ် တပ်မတော်သားများနှင့်အတူ လိုက်ပါဆောင်ရွက်စဉ် အသက်၊ ခန္ဓာ၊ ပစ္စည်းဥစ္စာများ ဆုံးရှုံးခဲ့ရသော ပြည်သူများမနစ်နာစေရေးအတွက် ထိုက်သင့်သောအသိအမှတ်ပြုမှု၊ ဂုဏ်ပြုလက်မှတ်၊ ဂုဏ်ပြုလွှာတို့ကို စိစစ်ထုတ်ပေးရေးနှင့် ယင်းတို့၏ဘဝအဆင်ပြေစေရေးအတွက် ထောက်ပံ့ကူညီမှုများပြုလုပ်ပေးရန် မူဝါဒ သို့မဟုတ် ဥပဒေပြဋ္ဌာန်းပေးရေးအဆိုနှင့်

၂။ ပြည်သူများသေကျေခြင်း၊ ကိုယ်ခန္ဓာစွန့်လွှတ်ရခြင်း၊ ပစ္စည်းဥစ္စာဆုံးရှုံးမှုနှင့် ဆင်းရဲဒုက္ခရောက်နေရခြင်းမှာ ပြည်တွင်း ပဋိပက္ခလက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်သဖြင့် ပြည်သူများ၏ဆန္ဒများနှင့်အညီ ယနေ့ငြိမ်းချမ်းရေးရရှိအောင် ကြိုးစားဆောင်ရွက်နေချိန်တွင် ပစ်ခတ်တိုက်ခိုက်မှုများကို သက်ဆိုင်သူများမှ ဦးစွာအမြန်ဆုံးရပ်ဆိုင်းပေးရေးအဆိုတင်သွင်းဖို့ ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုကို တင်သွင်းဖို့ ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင်အား ဖိတ်ခေါ်ပါတယ်။

**ဦးစိုင်းသန်းနိုင်(ဖာပွန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ ကိုယ်စိတ်နှစ်ပါး ကျန်းမာရွှင်လန်းစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ဖာပွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အရေးကြီးအဆိုနှစ်ရပ်ကို တင်သွင်းသွားမှာဖြစ်ပါတယ်။ အခုလို အရေးကြီးအဆိုနှစ်ရပ်ကို တင်သွင်းခွင့်ပြုတဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးကို အထူးကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်တင်သွင်းမယ့် အရေးကြီးအဆိုနှစ်ရပ်ကတော့ (၁) စစ်ဆင်ရေး အထောက်အကူပြုဝန်ထမ်းအဖြစ် တပ်မတော်သားများနှင့်အတူ လိုက်ပါဆောင်ရွက်စဉ် အသက်၊ ခန္ဓာ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသော ပြည်သူများ မနစ်နာစေရေးအတွက် ထိုက်သင့်သော အသိအမှတ်ပြုမှု၊ ဂုဏ်ပြုလက်မှတ်၊ ဂုဏ်ပြုလွှာတို့ကို စိစစ်ထုတ်ပေးရေးနှင့် ယင်းတို့၏ဘဝအဆင်ပြေစေရေးအတွက် ထောက်ပံ့ကူညီမှုများပြုလုပ်ပေးရန် မူဝါဒ သို့မဟုတ် ဥပဒေပြဋ္ဌာန်းပေးရေးအဆိုနှင့် ပြည်သူများသေကျေခြင်း၊ ကိုယ်ခန္ဓာစွန့်လွှတ်ရခြင်း၊ ပစ္စည်းဥစ္စာဆုံးရှုံးမှုနှင့် ဆင်းရဲဒုက္ခရောက်နေရခြင်းမှာ ပြည်တွင်းပဋိပက္ခ၊ လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်

ရခြင်းဖြစ်သဖြင့် ပြည်သူများ၏ဆန္ဒများနှင့်အညီ ယနေ့ငြိမ်းချမ်းရေးရရှိအောင် ကြိုးစားဆောင်ရွက် နေချိန်တွင် ပစ်ခတ်တိုက်ခိုက်မှုများကို သက်ဆိုင်သူများမှ ဦးစွာ အမြန်ဆုံးရပ်ဆိုင်းပေးရေးအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ဒီမနက်မှာပင် ကျွန်တော်ဟာ ကျွန်တော်တို့ဒေသကဖြစ်စဉ်တချို့ကို ဥပမာထားပြီးတော့ ပြည်တွင်းပဋိပက္ခများကြောင့် အနိဋ္ဌာရုံဘဝနဲ့ ဒုက္ခရောက်နေတဲ့ ပြည်သူတွေရဲ့ဘဝကို ကူညီ စောင့်ရှောက်ပေးနိုင်ဖို့အတွက် မေးခွန်းတင်သွင်းခဲ့ပါတယ်။ ကျွန်တော်တို့ဒေတွင်မကပါဘူး။ ခုနက ကျွန်တော့်မေးခွန်းမှာ တင်ပြခဲ့သလိုပဲ ကျွန်တော်တို့ နယ်စပ်ဒေသတွေဖြစ်တဲ့ ရှမ်း၊ ကချင်၊ ကယား၊ မွန်၊ ပဲခူး၊ တနင်္သာရီအစရှိတဲ့ နယ်မြေတွေမှာ ဒီလိုဒုက္ခ၊ သုက္ခပေါင်းများစွာကြုံတွေ့ခဲ့ရပါတယ်။ ဒါဘာကြောင့်ဖြစ်ရလဲဆိုတော့ ကျွန်တော်တို့ မငြိမ်းချမ်းလို့ ပြည်တွင်းတိုင်းရင်းသားအချင်းချင်း လက်နက်ကိုင်စွဲပြီးတော့ တိုက်ခိုက်နေကြလို့ဖြစ်တယ်။ ဒါကြောင့် ဒီလိုဒုက္ခရောက်တဲ့လူတွေကို ကူညီ စောင့်ရှောက်ဖို့ ကျွန်တော့်မေးခွန်းမှာ သက်ဆိုင်ရာ ကာကွယ်ရေးဝန်ကြီးဌာနက ဖြေဆိုသွားတဲ့အထဲမှာ ကာကွယ်ရေးဝန်ကြီးဌာနကလည်း သူ့ရဲ့စီမံဆောင်ရွက်နိုင်တဲ့ တည်ဆဲဥပဒေတွေအရ ကူညီထောက်ပံ့ ပေးခဲ့တာတွေ၊ မှတ်တမ်းမှတ်ရာပြုခဲ့တာတွေရှိပါတယ်။ ဒါပေမယ့် လုံလောက်သောအခြေအနေ မဟုတ်ပါဘူး။ ဒါတွေကို နိုင်ငံတော်ကိုကူညီဆောင်ရွက်သောကြောင့် နိုင်ငံတော်အပိုင်းကနေပြီး တော့လည်း ကျွန်တော်တို့ ဒီလို နိုင်ငံသားတွေကို ပြန်လည်ကြည့်ရှုစောင့်ရှောက်သင့်တဲ့အတွက် ကြောင့် ကျွန်တော့် ပထမအဆိုဖြစ်တဲ့ဟာကို ကျွန်တော်တို့ သူတို့ရဲ့ဘဝအဆင်ပြေရေးအတွက် ကူညီ ထောက်ပံ့မှုတွေပြုပေးနိုင်ဖို့အတွက် မူဝါဒတွေ ဥပဒေပြဋ္ဌာန်းပေးနိုင်ဖို့လိုပါတယ်။

ဒီလိုဖြစ်စဉ်ဖြစ်ရပ်တွေ မဖြစ်အောင်ဆိုလို့ရှိရင် ကျွန်တော်တို့နိုင်ငံ ငြိမ်းချမ်းမှာဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခတွေ ချုပ်ငြိမ်းပြီးတော့ ငြိမ်းချမ်းမှာဖြစ်ပါတယ်။ အဲဒီလို ငြိမ်းချမ်းဖို့ဆိုတဲ့ နေရာမှာ ကျွန်တော်တို့က အားလုံးအားလုံး ကိုယ်စီကိုယ်စီ ပြည်သူအပါအဝင် အားလုံးမှာဆိုလို့ရှိရင် စိတ်အားထက်သန်ပြီးတော့ ကူညီစောင်မမှုတွေလိုအပ်နေပါတယ်။ ဒီငြိမ်းချမ်းရေးကို ပြည်သူအားလုံး ကလည်း စိတ်ဝင်တစားနဲ့ ငံ့လင့်မျှော်လင့်နေကြတယ်။ အောင်မြင်ပါစေလို့လည်း ဆုတောင်းနေကြ တယ်။ ပြည်သူတစ်ရပ်လုံးက စိတ်ဝင်စားနေကြတဲ့ ငြိမ်းချမ်းရေး ကျွန်တော်တို့ နိုင်ငံတော်သမ္မတကြီး ကလည်း ငြိမ်းချမ်းရေးအတွက်ကို စိတ်အားထက်သန်စွာနဲ့ တွန်းအားပေးဆောင်ရွက်နေတဲ့အချိန် နိုင်ငံတကာကလည်း ကူညီအားပေးမှုတွေပြုနေတဲ့ အချိန်ကောင်းအခါကောင်းမှာဆိုလို့ရှိရင်

ကျွန်တော်တို့နိုင်ငံငြိမ်းချမ်းရေးအတွက် ကျွန်တော်တို့အားလုံးဟာဆိုလို့ရှိရင် တတ်နိုင်သလောက် အမြန်ဆုံးရရှိအောင် ဆောင်ရွက်ကြရဖို့လိုအပ်ပါတယ်။ ငြိမ်းချမ်းရေးရမှပဲ ကျွန်တော်တို့လိုချင်တဲ့ အေးချမ်းသာယာခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံကြီးကို တည်ဆောက်နိုင်မှာဖြစ်တယ်။ ငြိမ်းချမ်းရေးကို ဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့က ပထမဦးစွာ အရေးကြီးကိစ္စအနေနဲ့ အပစ်အခတ်ရပ်စဲရေးကို အရင်ဆောင်ရွက်ရပါတယ်။ နိုင်ငံတကာရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ပြန်ကြည့်တဲ့အခါကျတော့လည်း ကျွန်တော်တို့က အပစ်အခတ်ရပ်စဲပြီးတော့သာ ငြိမ်းချမ်းရေးလုပ်ငန်းတွေကို ဖော်ဆောင်အောင်မြင် နေတာကိုတွေ့ရှိရပါတယ်။ လက်နက်ကိုယ်စီကိုင်ထားပြီးတော့ ငြိမ်းချမ်းရေး စကားပြောရင် လိုလားတဲ့ ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိမှာမဟုတ်ပါဘူး။ ဒါကြောင့် ကျွန်တော့်ရဲ့အဆိုမှာ ဒုတိယအဆို ဖြစ်တဲ့ ပြည်သူတွေသေကျေခြင်း၊ ကိုယ်ခန္ဓာစွန့်လွှတ်ရခြင်း၊ ပစ္စည်းဥစ္စာဆုံးရှုံးရခြင်း၊ ဆင်းရဲဒုက္ခ ရောက်နေရခြင်း၊ ပြည်တွင်းပဋိပက္ခလက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်သဖြင့် ပြည်သူတို့ရဲ့ဆန္ဒနှင့်အညီ ယနေ့ငြိမ်းချမ်းရေးရရှိအောင် ကြိုးစားဆောင်ရွက်နေတဲ့အချိန်မှာ ပစ်ခတ် တိုက်ခိုက်မှုများကို သက်ဆိုင်သူများက ဦးစွာအမြန်ဆုံးရပ်ဆိုင်းပေးရေးအဆိုကို သက်ဆိုင်သူများ အားလုံးကို တိုက်တွန်းကြောင်း အဆိုနှစ်ရပ်ကို ပြည်သူ့လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဒေါ်နန်းစေအွာ(ဘားအံမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးရှင်။ ကျွန်မကတော့ ကရင်ပြည်နယ်၊ ဘားအံမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းစေအွာ ဖြစ်ပါတယ်ရှင်။ ဒီအရေးကြီးအဆိုနှင့်ပတ်သက်ပြီး တင်သွင်းသွားတဲ့ ဖာပွန် မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းသန်းနိုင်ရဲ့ တင်ပြချက်နှင့်ပတ်သက်ပြီးတော့ ကျွန်မအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းမှာ စစ်များဖြစ်ပွားနေရတဲ့ ဒေသများကိုပြန်ကြည့်မယ်ဆိုလို့ရှိရင် ဒေသခံများက အများဆုံးခံလိုက်ရတဲ့ ဆိုးကျိုးများဖြစ်ပါတယ်။ ဒီဆိုးကျိုးတွေကြောင့် တိုင်းရင်းသား တွေအားလုံးက သေကျေပျက်စီးရခြင်း၊ အချင်းချင်းပြန်လည်တိုက်ခိုက်ရခြင်းများဖြစ်ပွားနေကြတာ ယနေ့ထိပါပဲ။ ဒါကြောင့် တိုင်းရင်းသားအားလုံးရဲ့ ငြိမ်းချမ်းရေးအသီးအပွင့်တွေ ခံစားနိုင်ဖို့အတွက်က ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ်များကလည်း တာဝန်ရှိသလို နိုင်ငံတော်အစိုးရရဲ့အပိုင်း လက်နက် ကိုင်အဖွဲ့အစည်းအားလုံးကနေ ဖော်ဆောင်ပေးရမှာဖြစ်ပါတယ်ရှင်။ ဒါကြောင့် ဦးစိုင်းသန်းနိုင်ရဲ့ အရေးကြီးအဆိုမှာပါရှိတဲ့ စစ်ရေးအထောက်အကူပြုဝန်ထမ်းအပြင် တပ်မတော်သားများနှင့်အတူ

လိုက်ပါဆောင်ရွက်နေစဉ်မှာ အသက်၊ ခန္ဓာ၊ ပစ္စည်းများ၊ ပျက်စီးဆုံးရှုံးရသော ပြည်သူများ မနစ်နာစေရေးအတွက် ထိုက်သင့်တဲ့ အသိအမှတ်ပြုတဲ့ ဂုဏ်ပြုလက်မှတ်၊ ဂုဏ်ပြုလွှာတို့ကို စိစစ်ထုတ်ပေးရေးနှင့် ၎င်းတို့၏ဘဝအဆင်ပြေစေရေးအတွက် ထောက်ပံ့မှုများပြုလုပ်ပေးရန် မူဝါဒ သို့မဟုတ် ဥပဒေပြဋ္ဌာန်းပေးနိုင်ရေးအဆိုနဲ့ ပြည်သူများ သေကျေခြင်း၊ ကိုယ်ခန္ဓာစွန့်လွှတ်ခြင်း၊ ပစ္စည်းဥစ္စာဆုံးရှုံးရမှုနှင့်ပတ်သက်၍ ဆင်းရဲဒုက္ခရောက်နေကြရသော ပြည်တွင်းပဋိပက္ခလက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်နေရခြင်းဖြစ်သဖြင့် ပြည်သူများ၏ဆန္ဒများနှင့်အညီ ယနေ့ ငြိမ်းချမ်းရေးရရှိအောင် ကြိုးစားဆောင်ရွက်နေချိန်မှာ ပစ်ခတ်တိုက်ခိုက်မှုများကို သက်ဆိုင်သူများအားလုံးက အမြန်ဆုံးရပ်ဆိုင်းပေးရေးအဆိုအား လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ ဦးဉာဏ်ဆွေဝင်းကို မိုက်ပေးပါ။

**ဦးဉာဏ်ဆွေဝင်း(ကျောက်ကြီးမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဧည့်သည်တော်များ အေးချမ်းသာယာ၍ ကောင်းကျိုးလိုရာဆန္ဒ ပြည့်ဝပါစေကြောင်း ဂါရဝပြုဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်ကြီးမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဉာဏ်ဆွေဝင်းဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်ဟာလည်းပဲ ခုနက ဖာပွန်မဲဆန္ဒနယ်က ဦးစိုင်းသန်းနိုင်တင်သွင်းသွားတဲ့အရေးကြီးအဆိုမှာ အပြည့်အဝပါဝင်ပြီးတော့ အကျုံးဝင်တဲ့မြို့နယ်တစ်ခု ဖြစ်ပါတယ်။ ကျွန်တော်ဟာ ပြီးခဲ့တဲ့လွှတ်တော်အစည်းအဝေးမှာ အင်္ဂလိပ်နှစ်သစ်ကူးဖြစ်တဲ့ ကမ္ဘာ့နှစ်သစ်ကူးနေ့ဖြစ်တဲ့ ဇန်နဝါရီလ ၁ ရက်နေ့ကနေပြီးတော့ မြန်မာနှစ်သစ်ကူးဖြစ်တဲ့ ဧပြီ ၁၃ ရက်နေ့ကြားကာလ သုံးလကာလအတွင်းမှာပင် မြေမြှုပ်မိုင်းနဲ့ပတ်သက်လို့ ၁၇ ကြိမ်ဖြစ်ခဲ့ပြီးတော့ နေ့စဉ် လူတွေသွားလာနေတဲ့နေရာတွေမှာ ပြည်သူတွေဟာ နေ့စဉ်ပြတ်တောက်၊ ပျက်စီး၊ သေကျေခဲ့တာဟာ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးဆီကို အထူးအစီရင်ခံစာနှင့် ကျွန်တော်တင်သွင်းခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကလည်းပဲ ဒီကိစ္စကို အရေးကြီးကိစ္စတစ်ရပ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ နိုင်ငံတော်သမ္မတကြီးထံကို အထူးသဝဏ်လွှာတစ်ရပ်အနေနဲ့ ပေးပို့ခဲ့ပါတယ်။ နိုင်ငံတော်သမ္မတကြီးကလည်းပဲ ငြိမ်းချမ်းရေးဆောင်ရွက်နေတဲ့အဖွဲ့အစည်းအသီးသီးကို ကျွန်တော့်ရဲ့တင်ပြစာကို မိတ္တူပြုပြီးတော့မှ ဓာတ်ပုံများနှင့်တကွ ပေးပို့ခဲ့တဲ့အတွက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးကိုလည်းပဲ အထူးရိုသေလေးစားပြီးတော့ ကျေးဇူးတင်မိကြောင်း ဒီနေရာမှာတင်ပြအပ်ပါတယ်။

ကျွန်တော်တို့မြို့နယ်အတွင်းမှာဆိုလို့ရှိရင် စစ်ဘေး၊ စစ်ဒဏ်ကြောင့်မို့လို့ ခြေပြတ်၊ လက်ပြတ် အတိဒုက္ခရောက်ခဲ့ရတဲ့ အသေးစိတ်စာရင်း အင်အား ၃၃၃ ဦးကို တင်ပြခဲ့ပါတယ်။ နောက်ပိုင်းမှာ ထပ်မံပြတ်တောက်တဲ့ လက်ရှိငြိမ်းချမ်းရေးဆွေးနွေးစဉ်မှာပဲ ထပ်မံပြတ်တောက်တဲ့ဦးရေဟာဆိုရင် ၁၀၀ နီးပါးရှိခဲ့ပါပြီ။ ဒီအနိဋ္ဌာရုံတွေနဲ့ ပြည်သူတွေ ဒုက္ခ၊ သုက္ခရောက်နေတဲ့ အခြေအနေတွေဟာ လက်ရှိအခြေအနေတွေမှာ အမြန်ဆုံးကျဆင်းသွားဖို့လိုအပ်နေပါတယ်။ အထက်ပိုင်းမှာရှိတဲ့ အဖွဲ့အစည်းအသီးသီးက ငြိမ်းချမ်းရေးကို ဆန္ဒပြင်းပြစွာနှင့် ဆွေးနွေးဆုံးဖြတ်နေကြသော်လည်းပဲ အောက်ခြေမှာတော့ ဒီနေ့အထိ ပြည်သူတွေဟာ ဒုက္ခရောက်ဆဲပဲဖြစ်တယ်ဆိုတာ ဥက္ကဋ္ဌကြီးဆီကို ကျွန်တော်တင်ပြခဲ့တဲ့ အစီရင်ခံစာက သက်သေပြနေပါပြီခင်ဗျာ။ ဒါကြောင့် ဖာပွန်မဲဆန္ဒနယ်က ဦးစိုင်းသန်းနိုင် တင်သွင်းသွားတဲ့အရေးကြီးအဆိုဟာ ဒီနေ့ နိုင်ငံအတွင်း ငြိမ်းချမ်းသာယာရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စိတ်ဆန္ဒပြင်းပြစွာနှင့် အထူးလိုလားအပ်တဲ့ အရေးကြီးဆန္ဒနဲ့ ထပ်တူထပ်မျှ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ ၃၂ (က)၊(ခ)နှင့်အညီ ဤအဆိုအား အတည်ပြုသင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနက ရှင်းလင်းပြောကြားဖို့ဖြစ်ပါတယ်။

**ဗိုလ်ချုပ်ကျော်ညွန့်(ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ဦးစိုင်းသန်းနိုင်၊ ဖာပွန်မဲဆန္ဒနယ်က တင်ပြတဲ့ အရေးကြီးအဆိုဖြစ်တဲ့ စစ်ဆင်ရေးအထောက်အကူပြုဝန်ထမ်းအဖြစ် တပ်မတော်သားများနှင့်အတူ လိုက်ပါဆောင်ရွက်စဉ် အသက်၊ ခန္ဓာ၊ ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရသော ပြည်သူများမနစ်နာစေရေးအတွက် ထိုက်သင့်သော အသိအမှတ်ပြုသည့် ဂုဏ်ပြုလက်မှတ်၊ ဂုဏ်ပြုလွှာတို့ကို စိစစ်ထုတ်ပေးရေးနှင့် ယင်းတို့၏ဘဝအဆင်ပြေစေရေးအတွက်၊ ထောက်ပံ့ကူညီမှုများပြုလုပ်ရေးအတွက် မူဝါဒ သို့မဟုတ် ဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးရေးအဆို တစ်ရပ်ရှိပါတယ်။ နောက်အဆိုတစ်ခုကတော့ ပြည်သူများ သေကျေခြင်း၊ ကိုယ်ခန္ဓာစွန့်လွှတ်ရခြင်း၊ ပစ္စည်းဥစ္စာနှင့် ဆင်းရဲဒုက္ခတွေရောက်နေရခြင်းတို့မှာ လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်လာရသဖြင့် ပြည်သူများ၏ဆန္ဒနှင့်အညီ ယနေ့ ငြိမ်းချမ်းရေးရရှိအောင် ကြိုးစားဆောင်ရွက်နေချိန်တွင် ပစ်ခတ်တိုက်ခိုက်မှုများကို သက်ဆိုင်သူများမှ ဦးစွာအမြန်ဆုံးရပ်ဆိုင်းပေးရေး အဆိုနှစ်ရပ်နဲ့ပတ်သက်

လို့ ကျွန်တော်တို့ တပ်မတော်အနေဖြင့် လှိုက်လှဲစွာထောက်ခံအပ်ပါကြောင်း ပဏာမဦးစွာတင်ပြအပ်ပါတယ်။ တပ်မတော်အနေဖြင့် မိမိတို့နှင့်လိုက်ပါသော စစ်ဆင်ရေးဝန်ထမ်းများကို တတ်အားသ၍ ကူညီမှုများ၊ ဆေးကုသမှုများ ဆောင်ရွက်ပေးခဲ့သော်လည်း ထိုက်သင့်သောအတိုင်းအတာတစ်ခုပဲ ဖြစ်ကြောင်းတင်ပြလိုပါတယ်။ ပြည်တွင်းစစ်မှာ အချင်းချင်းတိုက်ခိုက်မှုကြောင့် အရပ်သားစစ်ဆင်ရေး ဝန်ထမ်းများ ထိခိုက်ရတာလည်း ကျွန်တော်တို့ ဦးစိုင်းသန်းနိုင် တင်ပြသလိုပါပဲ ကရင်ပြည်နယ်တစ်ခု တည်းသာ မဟုတ်ပါဘူး။ အခြား ကချင်ပြည်နယ်တွေ၊ ရှမ်းပြည်နယ်တွေ၊ ကယားပြည်နယ်တွေ စသဖြင့် စသဖြင့် တိုင်းနှင့် ပြည်နယ်အသီးသီးမှာလည်း ထိခိုက်နစ်နာမှုတွေရှိကြောင်း တင်ပြလိုပါတယ်။ ပြည်တွင်းစစ်ရဲ့တိုက်ခိုက်မှုတွေမှာ စစ်ဆင်ရေးဝန်ထမ်းပဲ ထိခိုက်နစ်နာတာမဟုတ်ဘဲနဲ့ တပ်မတော် သားပေါင်း၊ တစ်ဘက်ကတိုက်ခိုက်တဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေ၊ နောက်တစ်ပိုင်းကတော့ ကျွန်တော်တို့ အသက်အိုးအိမ်၊ စည်းစိမ်၊ ပျက်စီးရာ စစ်ဖြစ်ရာဒေသအသီးသီးမှာရှိတဲ့ လုပ်သားပြည်သူ များဟာလည်း မြေဇာပင်ပမာဖြစ်ခဲ့ရတယ်ဆိုတာလည်း အားလုံးအသိပဲဖြစ်ပါတယ်။ တပ်မတော်အနေ ဖြင့်လည်း ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် အမြန်ဆုံးအပစ်အခတ်ရပ်စဲရေးအတွက်၊ နိုင်ငံရေး အတွက် ဦးလည်မသုန် ဆောင်ရွက်လျက်ရှိပါတယ်။ အပစ်အခတ်ရပ်စဲရေးဆိုတာ တစ်ဖက်သတ် ရပ်ဆိုင်းလို့မရသလို လက်နက်ကိုင်အဖွဲ့အစည်းအသီးသီးကလည်း အားတက်သရော ပါဝင်လုပ် ဆောင်သွားနိုင်ရန်လည်း လိုအပ်ပါကြောင်း တင်ပြအပ်ပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးသာ အမှန် တကယ်အမြန်ဆုံးရရှိမယ်ဆိုရင် အခုလို တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများအကြား ပဋိပက္ခကြောင့် တိုက်ပွဲတွေဖြစ်ပွားပြီးတော့ အသက်ဆုံးရှုံးမှုတွေ၊ ထိခိုက်ဒဏ်ရာရရှိမှုတွေ မရှိနိုင်ဘူး လို့ ပြောဆိုနိုင်ပါတယ်။ တပ်မတော်သားများနှင့်အတူ လိုက်ပါဆောင်ရွက်စဉ် အသက်၊ ခန္ဓာ၊ ပစ္စည်း များ ပျက်စီးဆုံးရှုံးရသော ပြည်သူများမနစ်နာစေရေးအတွက် တပ်မတော်အနေဖြင့် ကျွန်တော်တင်ပြခဲ့ သလို ထိုက်သင့်စွာ ဆောင်ရွက်ပေးနိုင်တဲ့အတွက် ကျွန်တော်တို့ ဆောင်ရွက်ပေးရန် လိုအပ်တဲ့ ကွက်လပ်တွေ များစွာရှိကြောင်း တင်ပြအပ်ပါတယ်။ ဒါကိုလည်း နိုင်ငံတော်အစိုးရအပိုင်းမှ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားနိုင်မယ်ဆိုရင် ပိုမို၍ဖြည့်ဆည်းနိုင်ပြီးတော့ ကျွန်တော်တို့ ထိခိုက်ဒဏ်ရာရတဲ့ ပြည်သူတွေရဲ့ ဝမ်းနည်းကြေကွဲမှုကြောင့် ကျတဲ့မျက်ရည်တွေအစား အစိုးရရဲ့စေတနာကြောင့် ဝမ်းသာလို့ကျတဲ့မျက်ရည်တွေလည်း ဖြစ်ပါလိမ့်မယ်လို့ ဆိုလိုချင်ပါတယ်။ ယနေ့ နိုင်ငံတော်က ဦးလည်မသုန်ဆောင်ရွက်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကိစ္စရပ်များကို ဆောင်ရွက်နေရာမှာလည်း ပစ်ခတ်တိုက်ခိုက်မှုများကို သက်ဆိုင်သူများမှ ဦးစွာအမြန်ဆုံးရပ်ဆိုင်းသွားအောင်လည်း လုပ်ဆောင် သွားရန်လိုပါတယ်။ အချုပ်အားဖြင့် တင်သွင်းရရင် ယနေ့ အရေးကြီးအဆိုနှစ်ရပ်ဖြစ်တဲ့ ကျွန်တော်တို့

စစ်ဆင်ရေးအထောက်အကူပြုဝန်ထမ်းများနှင့်ပတ်သက်၍ ကျွန်တော်တို့ ဆောင်ရွက်ပေးရန်ကိစ္စရပ်များနှင့် ပြည်တွင်းငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ ပစ်ခတ်တိုက်ခိုက်မှုများ၊ သက်ဆိုင်သူများက အမြန်ဆုံးရပ်ဆိုင်းရေးအဆိုနှင့်ပတ်သက်လို့ တပ်မတော်မှ လေးလေးနက်နက်ထောက်ခံပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးစိုင်းသန်းနိုင်၊ ဖာပွန်မဲဆန္ဒနယ်က တင်သွင်းတဲ့အဆိုမှာ (၁)စစ်ဆင်ရေးအထောက်အကူပြုဝန်ထမ်းအဖြစ် တပ်မတော်သားများနှင့်အတူ လိုက်ပါဆောင်ရွက်စဉ် အသက်၊ ခန္ဓာ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသော ဒီဟာသည် အတိတ်က ဖြစ်ခဲ့တဲ့ဖြစ်ရပ်တွေကို ဖော်ပြခဲ့ခြင်းဖြစ်ပါတယ်။ ဒီနေ့တော့ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ရှင်းပြတဲ့အချိန်မှာ ဒီနေ့တော့ ဘယ်ရက်ကသတ်မှတ်၊ ဘယ်ရက်ရဲ့နောက်ပိုင်းမှာ စစ်ဆင်ရေး ဝန်ထမ်းအဖြစ်မခေါ်တော့ပါဘူးလို့ ပြောပါတယ်။ ဒါကြောင့်မို့လို့ အဲ့ဒီရဲ့နောက်ပိုင်းမှာတော့ စစ်ဆင်ရေးဝန်ထမ်းအဖြစ် လိုက်ပါတာရှိတော့မှာ မဟုတ်ပါဘူး။ သို့ရာတွင် ယခင်ကာလတုန်းက ရှိခဲ့ပါတယ်။ ရှိခဲ့တဲ့အနေအထားကြောင့် အသက်၊ ခန္ဓာ၊ ပစ္စည်းဥစ္စာများ ပျက်စီးဆုံးရှုံးခဲ့ရသော အတိတ်ကိုဆိုလိုခြင်းဖြစ်ပါတယ်။ ပြည်သူများ မနစ်နာစေရေးအတွက် ထိုက်သင့်သော အသိအမှတ်ပြု ဂုဏ်ပြုလွှာလက်မှတ်၊ ဂုဏ်ပြုလွှာတို့ကို စိစစ်ထုတ်ပေးရေးနှင့် ယင်းတို့၏ဘဝအဆင်ပြေစေရေးအတွက် ထောက်ပံ့ကူညီမှုများ ပြုလုပ်ပေးရန် မူဝါဒ သို့မဟုတ် ဥပဒေပြဋ္ဌာန်းပေးရေးအဆိုနှင့် (၂) ပြည်သူများ သေကျေခြင်း၊ ကိုယ်ခန္ဓာစွန့်လွှတ်ရခြင်း၊ ပစ္စည်းဥစ္စာဆုံးရှုံးမှုနှင့် ဆင်းရဲဒုက္ခရောက်နေရခြင်းမှ ပြည်တွင်းပဋိပက္ခ လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်သဖြင့် ပြည်သူများ၏ ဆန္ဒများနှင့်အညီ ယနေ့ ငြိမ်းချမ်းရေးရရှိအောင် ကြိုးစားဆောင်ရွက်နေချိန်တွင် ပစ်ခတ်တိုက်ခိုက်မှုများကို သက်ဆိုင်သူများမှ ဦးစွာအမြန်ဆုံး ရပ်ဆိုင်းပေးရေးအဆိုတို့ကို ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုတင်သွင်းလာခြင်းဖြစ်ပါတယ်။ အဲ့ဒီတော့ ဒီနေရာမှာလည်း နောက်ဆုံးမှာ ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းဆိုတဲ့နေရာမှာ ရှေ့မှာ သက်ဆိုင်သူအားလုံးကို ဆိုလိုခြင်းဖြစ်ပါတယ်။ ဒီအဆိုကို လွှတ်တော်က အတည်ပြုရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူသူရှိပါသလားခင်ဗျား။ သဘောမတူသူရှိတဲ့အတွက် ဦးစိုင်းသန်းနိုင် တင်သွင်းတဲ့အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန် အစည်းအဝေး အဌမနေ့ရပ်နားကြောင်းနှင့် အစည်းအဝေး နဝမနေ့ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဌမနေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး နဝမနေ့ကို မနက်ဖြန် ၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် (ကြာသပတေးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၁၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဌမနေ့ကို ၁၂း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]